မြန်မာ့အလင်းဝါ

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၀၉)

တပေါစ တံ မင်္ဂလ မုတ္တမံ

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

အလုပ်သမားများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အလေးထားကာကွယ်စောင့်ရှောက်စီးပွားရေးစီမံကိန်းရည်မှန်းချက်များ အောင်မြင်သည်ထက် အောင်မြင်အောင်ကြိုးပမ်းမူဝါဒလမ်းစဉ် (၇) ရပ် အောင်မြင်ရေး ပြည်သူတစ်ရပ်လုံးနှင့်အတူ ပါဝင်ဆောင်ရွက်

နေပြည်တော် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ၂၀၀၈ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်သော အလုပ်သမားကြီးများခင်များ-

၂၀၀၈ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့အခါသမယတွင် ကာယ၊ ဉာဏအလုပ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ ◆

ဧပြီ ၂၉ ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မော်ဘီမြို့နယ်ရှိ စက်မှုဇုန် ပင်မဓာတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း - စာ ၈) (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒီဇိုကရေစီရရှိရေးအတွက် အခိုင်မာဆုံး ပြဋ္ဌာန်းပေးနိုင်သည်မှာ ဤပွဲစဉ်ပုံအခြေခံဥပဒေပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဤအခြေခံဥပဒေသည်သာလျှင် ဒီဇိုကရေစီရရှိရေးအတွက် အရေးကြီးဆုံး အာမခံချက်ကြီးပင်ဖြစ်သည်။ အခြေခံဥပဒေမရှိဘဲနှင့် တိုင်းရင်းသားပြည်သူများလိုချင်သော ဒီဇိုကရေစီမရရှိနိုင်ပေ။ ထို့ကြောင့် တိုင်းရင်းသား ပြည်သူများအနေဖြင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ထောက်ခံမဲ မဖြစ်မနေပေးကို ပေးသင့်ပေသည်။

ခိုင်းဆိုနိုး၏ဆောင်းပါး စာ - ၁၀

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* နိုင်ငံမာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ရွေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်ဖျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်ဖျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၀၈ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၈ ခုနှစ် မေ ၁ ရက်)

ဒေသပွဲ့ဖြိုးတိုးတက်မှု အထောက်အကူပြုမည့် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်း

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံ၏ ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီးဖြစ်သည်။ တောင်သူလယ်သမားများနှင့် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားစေရန် နိုင်ငံတော်က အားပေးဖြည့်ဆည်း ပေးလျက်ရှိသည်။

လယ်ယာကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေရှိရေးအပါအဝင် သီးနှံမျိုးကောင်းမျိုးသန့်များနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီနေသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်းကျေးရွာအနီးရှိ နမ့်အက်ချောင်းပေါ်၌ ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်လျက်ရှိသည်။ ကျိုင်းခမ်းရေလှောင်တမံစီမံကိန်းသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး ဖော်ဆောင်ရာတွင် တစ်ခုအပါအဝင် ဖြစ်သည်။ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ကျိုင်းခမ်းနှင့် ဓော်ဂျီရေလှောင်တမံ ဘက်စုံစီမံကိန်း၊ ရွာငံမြို့နယ်တွင် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကို တည်ဆောက်ပြီး မိတ္ထီလာလွင်ပြင်ဒေသနှင့် ဓော်ဂျီဆည်ရေသောက်ဓရိယာများ ရေပိုမိုဝင်ရောက်ရေး ကြိုးပမ်းလျက်ရှိသည်။

အဆိုပါရေလှောင်တမံ ဘက်စုံစီမံကိန်းများကို စိုက်ပျိုးရေးဝေးဝေးရေးနှင့် ရေအားလျှပ်စစ်ပါ ပူးတွဲထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိရာ တည်ဆောက်ပြီးစီးပါက မိတ္ထီလာကန်သို့ ရေကူရေဖြည့်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ပြီး သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာမည် ဖြစ်သည်။

နိုင်ငံတော်က ဆည်တမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင်စီမံကိန်းများတည်ဆောက်ပေးမှုကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာများပြားလာမှုနှင့်အတူ သီးနှံစိုက်ပျိုးထုတ်လုပ်မှုပမာဏ တိုးတက်လာလျက်ရှိသည်။ ယခုအခါ နိုင်ငံအတွင်း သီးနှံအသားတင်စိုက်ဧရိယာ ၈ဂ ၂၈ သန်းကျော်ရှိသည့်အနက် ရေသွင်းစိုက်ပျိုးသည့် ဧရိယာ၈ဂငါးသန်းကျော် ရှိလာဖြီဖြစ်သည်။

နိုင်ငံတစ်ဝန်း ရေသယံဇာတအရင်းအမြစ်များသည် လယ်ယာကဏ္ဍထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးသာမက ရေအားလျှပ်စစ်စီမံကိန်းများအတွက်ပါ အထောက်အကူပြုလျက်ရှိရာ ဆည်ရေကိုအကျိုးရှိစွာအသုံးချကာ သီးနှံအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိသည့် ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများအလျင်အမြန်ပြီးစီးသည်နှင့်အမျှ ပြည်သူများအကျိုးကျေးဇူး မြန်မြန်ခံစားကြရမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုများစွာ အထောက်အကူပြုမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းစေတီတော် အနောက်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလျှါခိန်း

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဓိတာ ဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် အနောက်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း အမှတ် ၃၅ (ဃ)နေ ဦးအုန်း-ခေါ်ခင်မြ မိသားစုက အလှူငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးကိုနှင့် ဦးအုန်းကြိုင်တို့က လက်ခံယူကြသည်။ (အပေါ်ပုံ) (က-ဝ)

ဇာတ်ညွှန်းရေးနည်းနှင့် ရုပ်ရှင်အနုပညာသင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၃၀

သုံးထပ်ကွမ်း အကယ်ဒမီဦးဝမ်း(ကိုယ်တိုင်) သီးသန့်သင်ကြားပို့ချမည့် ဇာတ်ညွှန်းရေးနည်းနှင့် အခြေခံရုပ်ရှင် အနုပညာသင်တန်းကို စကားဝါခန်းမ၊ ပထမထပ် (ယာ)၊ ပြည်သာယာလမ်းနှင့် ဓွန်းလွန်းဂူကျောင်းလမ်းကြား မိုးကောင်းလမ်း ကောက်ထော် ရန်ကင်းမြို့နယ် ဗုန်း-၀၁-၅၅၉၀၃၀ ၌ ဧပြီ ၈ ရက်မှ စ၍ ဖွင့်လှစ်သင်ကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ဝ)

သံယုတ္တနိကာယ် မြန်မာပြန်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက ကြီးမှူးကျင်းပသော (၄၂) ကြိမ်မြောက် သံယုတ္တနိကာယ်မြန်မာပြန် စာမေးပွဲကို မေ ၁၁ ရက် [၁၃၇၀မြည့်နှစ် ကဆုန်လဆန်း၇ရက်(တနင်္ဂနေ့)မြန်းတည့် ၁၂ နာရီမှညနေ၄နာရီအထိ တစ်နိုင်ငံလုံးရှိ စာဖြေဌာန ၂၇ ခုတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။ ဧရာဝတီတိုင်းရှိ စာဖြေဌာနများဖြစ်ကြသော ကျိုက်လတ်၊ ဖျာပုံ၊ ပုသိမ်၊ ဟင်္သာတ၊ ကြံခင်း၊ ကျိုက္ခော်၊ ကန်ကြီးထောင့်၊ ဒါးကစာဖြေဌာနများအတွက် ညွှန်ကြားလွှာ၊ မေးခွန်းနှင့် အဖြေလွှာများကို မေ၃ရက် ၉ နာရီမှစတင်၍ ဌာနမှ ကိုယ်စားလှယ်လွှဲစာနှင့်အတူ ဗုဒ္ဓဘာသာအဖွဲ့ချုပ်တွင် လာရောက်ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။ (က-ဝ)

မြဝတီရုပ်မြင်သံကြား

၁-၅-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ မြဝတီအဖွင့်
၆း၀၅ ၂။ အဖွင့်သီချင်း
၆း၁၀ ၃။ မိုးချစ်တပ်မတော်
၆း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုမှတ်တမ်း
၆း၃၀ ၅။ မြန်မာ့အလှစိုးမိုးနှင်းဝင်
၆း၄၅ ၆။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြား ဓော်ဆန်းထား
၇း၅၅ ၈။ အမျိုးသားရေးဓောင်းကဏ္ဍ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးဓောင်းကဏ္ဍ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေးဓောင်းကဏ္ဍ
၄း၃၀ ၄။ မြန်မာသံစဉ်ဖျံနှာဆင်
၄း၄၅ ၅။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀ ၆။ အမျိုးသားရေးဓောင်းကဏ္ဍ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာဓောင်းကဏ္ဍ
၅း၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြား ဓော်ဆန်းထား
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးဓောင်းကဏ္ဍ
၆း၂၅ ၁၃။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့နွန့်စားနန်း** (အပိုင်း-၄၃)
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်စာတ်လမ်း **ရာစော်တွင်တဲ့သူရဲကောင်း** (အပိုင်း-၆၀)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးဓောင်းကဏ္ဍ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်စာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၄)

ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီဂဝ ပိယသနာ အဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန် အတွက် ရန်ကုန်-မန္တလေး (ပင် လယ် ပြာ မိသားစု) မိခင်ကြီး ဒေါ်ကြေနှင့် သား သမီး တစ်စုတို့က ဖခင်ကြီး ဦးလေး မောင်အား ရည်စူး၍ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် ဘဏ္ဍာရေးမှူး ဦးသန်းတို့က လက်ခံယူစဉ်။ (က-ဝ)

ရှင်သာမဏေဓမ္မပီဟာန် ပိဋကတ်မြန်မာပြန်နှင့် အဘိဓမ္မာ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၃၀

အဘိဓမ္မာသည် လူတိုင်းသိသင့်သည့် တရားတော်ဖြစ်သည့်အတွက် အဘိဓမ္မာ သင်တန်းကို မေ ၃ ရက်မှစ၍ အပတ်စဉ် စနေ၊တနင်္ဂနေ့တိုင်း နံနက် ၈ နာရီမှ ၁၁ နာရီအတွင်း ဆရာဦးတင်ဝင်းနှင့် ဦးမောင်မော(ဟံသာဝတီ)တို့က ဓမ္မဒါနပို့ချသင်ကြားပေးမည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

လူပုဂ္ဂိုလ်များ လိုက်နာကျင့်သုံးဖွယ်ရာ ပိဋကတ်တော်လာ အကြောင်းအရာများကို မြန်မာပြန်ဆိုထားသဖြင့် မြန်မာစာတတ်သူတိုင်း တက်ရောက်နိုင်သည့် ပိဋကတ်တော် မြန်မာပြန်သင်တန်းကို မေ၁ရက်မှစ၍ ဆောက်တိုက်ဘာလာအထိ အပတ်စဉ် စနေ၊ တနင်္ဂနေ့တိုင်း နံနက် စာနာရီမှ မွန်းတည့်၁၂နာရီအထိ ပို့ချပေးမည် ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် ရှင်သာမဏေဓမ္မဗီဟာန် ဖုန်း-၃၈၇၃၆၁ သို့ ဆက်သွယ်စုံစမ်းစာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ဝ)

ဧရာဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် ၅ မဧရပ်၊ သစ်ဆိပ်ကုန်းရှိ မိုးကုတ်ပိဋကဓရ မိုးကုတ်ပိယသနာ နိဗ္ဗာန်ရွှေတောရရိပ်သာ ပဓာနနာယကအဖွဲ့ချုပ် နာယက ကမ္မဋ္ဌာနာစရိယ ဧရာဝတီဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ B. A) သည် တနင်္သာရီတိုင်း ကော့သောင်းမြို့ နှစ်မိုင် ဦးမောင်လှချောင်ရှိ မြတ်ဗုဒ္ဓဒေသနာပိဓလ ကာဂီဓမ္မရိပ်သာကြီးတွင် ကဆုန်လဆန်း ၃ရက်မှ ၁၂ရက်(မေ ၂၂ရက်မှ၃၁ရက်) အထိ ကျင်းပမည့် အထူးတရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓဘဉ္ဇင်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟော ကြားမည်ဖြစ်သည်။ ဆရာတော်၏ ကျောင်းတိုက်အတွင်း သုံးထပ် ဓမ္မာရုံတော်ကြီး တည်ဆောက် သာသနာပြုလျက်ရှိရာ လျှုဒါန်းလိုပါက ဖုန်း-၀၉-၅၁-၃၇၀၈၆၃သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။ (က-ဝ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ရွှမ်မိုင်ခွဲ ရွှေနှင်းဆီလမ်းနေ ဒေါက်တာ မောင်ရိန်၊ ပါမောက္ခ ဒေါ်ခင်မလေး၊ သား ဒေါက်တာတင့်ရိန်၊ သမီး ဒေါက်တာနီလာရိန် (ယူအက်စ်အေ)တို့က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်ဆယ့်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ဝ)

အမျိုးသားညီလာခံကချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရေးအတွက် ကျရာကဏ္ဍမှပါဝင်

◆ ရှေ့ဖုံးမှ

ထင်ရှားစွာတွေ့မြင်

ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သော ဦးဆောင်မှုနှင့် အလုပ်သမားကြီးများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စုစည်းညီညွတ်စွာ ကြိုးပမ်းမှုကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလျက်ရှိသည်ကို ထင်ရှားစွာတွေ့မြင်နေရပြီ ဖြစ်ပါသည်။

ကြီးမားကျယ်ပြန့်လာ

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များ၊ စက်မှုနယ်မြေများကို နိုင်ငံတော်အစိုးရက တိုးချဲ့ထူထောင် လုပ်ကိုင်စေလျက်ရှိသကဲ့သို့ လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ စွမ်းအင်စသည့် ကုန်ထုတ်လုပ်မှုကဏ္ဍ အသီးသီးကိုတိုးချဲ့ခြင်း၊ ဈေးကွက် စီးပွားရေးစနစ်ပြောင်းလဲကျင့်သုံးခြင်းတို့ကြောင့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍတို့မှာ ကြီးမားကျယ်ပြန့်လာလျက်ရှိပါသည်။

ချမှတ်ဆောင်ရွက်လျက်ရှိ

သို့ဖြစ်၍ မြန်မာနိုင်ငံတွင် မည်သည့်ခေတ်အခါနှင့်မျှ မတူအောင် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်လျက်ရှိပြီး၊ ဒေသအလိုက် တည်ရှိနေသည့် အဆိုပါလုပ်ငန်းများအတွက် အရည်အသွေးမြင့်မားသောလူ့အရင်းအမြစ်များ ဖြည့်ဆည်းပေးရန် အစီအမံများကိုလည်း နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ကာကွယ်စောင့်ရှောက်ပေး

ထိုသို့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်လာခြင်းကြောင့် တိုးပွားများပြားလာသည့် ကာယ၊ ဉာဏအလုပ်သမားကြီးများ၏ လုပ်ငန်းခွင်သာယာရေး၊ သက်သာချောင်ချိရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးမှစ၍ အလုပ်သမားများ၏အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ထိုက်ထိုက်တန်တန် ရရှိစေရန် နိုင်ငံတော်အစိုးရက အလေးထား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

ဆက်လက်ပါဝင်

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး တက်ကြွညီညွတ်စွာ ပူးပေါင်းအကောင်အထည်ဖော်မှုကြောင့် နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မျက်နှာစာအသီးသီးတွင် အောင်မြင်မှုများရရှိနေသည့် ကာလတွင် နိုင်ငံတော်၏စီးပွားရေး စီမံကိန်း ရည်မှန်းချက်များ အောင်မြင်သည်ထက်အောင်မြင်အောင် အလုပ်သမားထုကြီးတစ်ရပ်လုံးက ဆက်လက်ပါဝင်ကြိုးပမ်းကြရန် တိုက်တွန်းလိုပါသည်။

ချမှတ်အကောင်အထည်ဖော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။

ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်း

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ တိုင်းရင်းသားပေါင်းစုံ၊ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံမှ ကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်တို့သည် ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုပါဝင်ကြပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပခဲ့ပြီးနောက် ညီလာခံက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ နိုင်ငံတော်သစ်နှင့်လျော်ညီသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်၍ ယခုမေလအတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုနိုင်တော့မည်ဖြစ်ပါသည်။

ကြိုးပမ်းဆောင်ရွက်

အလုပ်သမားကြီးများ၏ ကိုယ်စားလှယ်များကိုယ်တိုင်ပါဝင်သော အမျိုးသားညီလာခံကချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲထားသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း**ကို အတည်ပြုရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် အမြန်ဆုံးတည်ဆောက်နိုင်ရေးအတွက် ကာယ၊ ဉာဏအလုပ်သမားကြီးများအနေဖြင့်-

- **နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ တိုးတက်သည်ထက်တိုးတက်ပြီး အမျိုးသားစီးပွားရေးဘဝ မြင့်မားလာစေရေးအတွက်လည်းကောင်း၊**
- **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်ရေးအတွက် လည်းကောင်း၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်းကောင်း**

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ စည်းလုံးတက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ ရန်ကုန်တောင်ပိုင်းခရိုင် ငါးမြို့နယ်၌ကျင်းပ

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင်ရှိ မြို့နယ်ငါးမြို့နယ်၏ သတ်မှတ်နေရာအသီးသီးတို့၌ ကျင်းပသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို ဆိပ်ကြီးခနောင်တိုမြို့နယ် အရှေ့ရပ်ကွက် ဗဟိုလမ်းထိပ်ရှိ ဇက်ဆိပ် အနီး၌လည်းကောင်း၊ ဒလမြို့နယ် ဒလတွံတေးကားလမ်းဆုံရှိ ဒလကားဂိတ်၌လည်းကောင်း(**ယာပုံ**)၊ တွံတေးမြို့နယ် လမ်းဆုံ၌လည်းကောင်း၊ ကော့မှူးမြို့နယ်ရှိ မြို့မရပ်ကွက်၌ လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ပန်းခြံရှေ့၌လည်းကောင်း စိုက်ထူကြသည်။

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဉ္စနိကာယသာသနာ့ဗိမာန် ကျောင်းတိုက်ရှိ ရန်ကုန် နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီး၏ ထာဝရ ငွေရတုပဒေသာပင်အတွက် အမှတ် ၇၇၀၊ ၁၆/၁ ရပ်ကွက် ရတနာလမ်း၊ သဃိန်းကျွန်းမြို့နယ်နေ ဒေါ်အေးကျင်၊ ဒေါ်ကြူကြူခင်နှင့်မောင်နှမ၊ မြေးမြစ်တစ်စုတို့က မိခင်ကြီး ဒေါ်ကြည်အားအမှူးထားရှ် အလှူငွေကျပ် သုံးသိန်းကို ဥက္ကဋ္ဌဦးသောင်းလွင်နှင့် ဒုတိယ ဥက္ကဋ္ဌ ဦးကြည်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပိုင်းဝန်းစိုက်ထူ

"ဒို့အနာဂတ်ဒို့ဖန်တီးဖို့ အခြေခံဥပဒေ အတည်ပြုစို့"၊ "မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်" ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများက ပိုင်းဝန်းစိုက်ထူကြသည်။

(သတင်းစဉ်)

စက်မှု(၁) အထူးဈေးရောင်းပွဲတော် (ဗဟန်းမြို့နယ်) ဖွင့်လှစ်

ရန်ကုန် ဧပြီ ၃၀

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ကြီးမှူး ကျင်းပသည့် အထူးဈေးရောင်းပွဲတော် (ဗဟန်းမြို့နယ်) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် စက်မှု(၁) ဝန်ထမ်းအိမ်ရာဝင်း အတွင်း ယမန်နေ့ နံနက် ၇ နာရီခွဲက ကျင်းပရာ ရန်ကုန် အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် သဘော်ဆေးစက်ရုံ စက်ရုံမှူး ဦးမော်ဟိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အထူးဈေးရောင်းပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို အထူးဈေးရောင်းပွဲတော် ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းနောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရောင်းချပေးသွားမည်

အထူး ဈေးရောင်းပွဲတော်ကာလမှာ ဧပြီ ၂၉ ရက်မှ မေ ၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ခင်းကျင်း ရောင်းချပေးသွားမည်ဖြစ်ပြီး၊ အထူးဈေးရောင်းပွဲတော်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ပစ္စည်းများကို လက်လီလက်ကား ရောင်းချပေးသွားမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

မူကြိုအရွယ် ကစားကျောင်းတက်သည့် ကလေးများ သွေးကင်ဆာဖြစ်ပွားခြင်းမှ လျှော့ချနိုင်ဖွယ်ရှိ

ကယ်လီဖိုးနီးယား ဧပြီ ၃၀

ကျောင်းမနေမီ မူကြိုအရွယ်ကလေးငယ်များ ကစားကျောင်း တက်ခြင်းဖြင့် သွေးကင်ဆာဖြစ်ပွားမှုကို ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း သုတေသီအဖွဲ့တစ်ဖွဲ့က လေ့လာတင်ပြထားသည်။

ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် သွေးကင်ဆာဖြစ်နိုင်ခြေရှိသည့် ကလေး၆၀၀၀အား (၁၄) ကြိမ်တိုင် သုတေသနပြုလေ့လာခဲ့ရာ ကလေး၂၀၀၀မှာ သွေးကင်ဆာ ဖြစ်ပွားခြင်းမှ လျှော့နည်းကျဆင်းပြီး ကျန်းမာရေးအခြေအနေ တိုးတက်သည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။

ထိုလေ့လာတွေ့ရှိချက်ကို သုတေသနအဖွဲ့က လန်ဒန်မြို့၌ ကျင်းပသည့် သွေးကင်ဆာညီလာခံတွင် တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ သွေးကင်ဆာသည် စက်မှုနိုင်ငံများရှိ ကလေးများတွင် အဖြစ်များပြီး ကလေး ၂၀၀၀ လျှင် တစ်ဦးနှုန်း ဖြစ်ပွားလျက်ရှိသည်။

ဖြစ်ပွားတတ်

သွေးကင်ဆာဖြစ်ပွားတတ်သော ကလေးငယ်များမှာ အသက်နှစ်နှစ်မှ ငါးနှစ်အတွင်း ဖြစ်ပွားတတ်ကြောင်း သိရသည်။

(အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ အသစ်ဆောက်လုပ်ထားသော အမျိုးသားအားကစားကွင်းကြီးတွင် ၂၀၀၈ အိုလံပစ်အားကစားပွဲတော် ကျင်းပရန် ရက် ၁၀၀ သာလိုတော့သည့် အထိမ်းအမှတ်အဖြစ် မိုးပျံပူဖောင်းများ ချိတ်ဆွဲကာ အလှဆင်ထားသည်ကို ဧပြီ ၃၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဆပ်ဖို့ခ်မြို့တွင် လေဆင်နှာမောင်း တိုက်ခတ်ပြီးနောက် သစ်ပင်များကျိုးကျပြီး ကားများ တိမ်းမှောက်နေသည်ကို ဧပြီ ၃၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆန်ဈေးနှုန်းကစားခြင်းကို ဗီယက်နမ်၌တားမြစ်

ဟနွိုင်း ဧပြီ ၃၀

ဗီယက်နမ်နိုင်ငံ၏ တောင်ပိုင်းဒေသများ၌ ဆန်စပါးရှားပါးပြတ်လပ်မည်ဟု စိုးရိမ်ကာ စပါးနှင့် ဆန်များဈေးကစားမှုကို အစိုးရက တားမြစ်ခဲ့ကြောင်း၊ ဒေသတွင်း စားသုံးရန်နှင့် ပြည်ပသို့ တင်ပို့ရန် လုံလောက်သည်ဟု ပြောကြားခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အစိုးရသည် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများကို စပါးနှင့်ဆန်များ ဝယ်ယူပြီး ဈေးကစားခြင်းဖြင့် ကုန်သွယ်မှု မပြုကြရန် တင်းကျပ်စွာတားမြစ်ခဲ့ကြောင်း ဗီယက်နမ် ဝန်ကြီးချုပ် ငုယင်တန်ဇွန်း၏ မကြာသေးမီက တရားဝင်ပြောကြားချက်ကို ကိုးကားပြီး လူငယ်သတင်းစာတွင် ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ တောင်ပိုင်းရှိ ပြည်သူများသည် လွန်ခဲ့သည့် နှစ်ရက်က ဆန်များကို အလုအယက်ဝယ်ယူခဲ့ကြမှုကြောင့် ဆန်ဈေးနှုန်း အဆမတန်တက်ကာ ဆန်ပြတ်လပ်မှု ဖြစ်ပွားခဲ့သည်။

အမ်အင်နဲအေ၊ဆင်ဟွာ

အစ္စရေးနိုင်ငံ၏ မဟာမိတ်များအား အီရန်သမ္မတ အာမက်ဒီနီဂျက်ဝေဖန်

တီဟီရန် ဧပြီ ၃၀

အစ္စရေးနိုင်ငံ၏ မဟာမိတ်များမှာ စစ်ရာဇဝတ်မှုစွဲချက်ဖြင့် နိုင်ငံတကာခုံရုံး၌ မကြာမီ တရားစွဲခံရတော့မည်ဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားလိုက်သည်။

ဝေဖန်တိုက်ခိုက်

မေလတွင်ကျင်းပမည့် အကြိမ်(၆၀)မြောက် အစ္စရေးနိုင်ငံ ထူထောင်သည့် နှစ်ပတ်လည်အခမ်းအနား တက်ရောက်မည့် အစ္စရေးအစိုးရကို ထောက်ခံသည့် မဟာမိတ်နိုင်ငံများအား အီရန်သမ္မတက ဝေဖန်တိုက်ခိုက်ခြင်းဖြစ်သည်။

ဗိုလ်ကျစိုးမိုး

မဟာမိတ်တို့၏ လုပ်ရပ်ကြောင့် ဇီယွန်ဝါဒီအစိုးရ၏ အခြေအနေကို ပြောင်းလဲသွားမည်မဟုတ်ကြောင်း၊ အချို့နိုင်ငံများအား ဆန့်ကျင်စည်းရုံးရေးအတွက် တစ်ကမ္ဘာလုံး ဗိုလ်ကျစိုးမိုးနေခြင်းဖြစ်ကြောင်း၊ သူတို့၏ နိုင်ငံရေးစနစ်က ကမ္ဘာ့အကျပ်အတည်းများကို ဖြေရှင်းမပေးနိုင်ကြောင်း စသည်ဖြင့် အီရန်သမ္မတအာမက်ဒီနီဂျက်က ဝေဖန်လိုက်သည်။

(အင်တာနက်)

ရေနံချက်စက်ရုံတွင် သပိတ်မှောက်မှုဖြစ်ပွား

လန်ဒန် ဧပြီ ၃၀

ဗြိတိန်နိုင်ငံ ရေနံချက်စက်ရုံတစ်ရုံတွင် သပိတ်မှောက်မှု ဖြစ်ပွားပြီးနောက် ရေနံဈေးနှုန်းမှာ တစ်စည်လျှင် စံချိန်တင်ဈေးနှုန်း ဒေါ်လာ၂၀နီးပါးသို့ ထိုးတက်သွားကြောင်း ဧပြီ၂၉ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ရေနံဈေးနှုန်းသည် ဧပြီ ၂၈ရက်တွင် တစ်စည်လျှင် ၁၁၉ ဒသမ ၄၀ ဒေါ်လာသာရှိနေပြီး ဧပြီ ၂၉ရက်တွင် ၁၁၉ ဒသမ ၉၃ ဒေါ်လာသို့ စံချိန်တင် မြင့်တက်ခဲ့ကြောင်း ယခင်စံချိန်တင်ဈေးနှုန်းမှာ ဧပြီ ၂၅ရက်တွင် မြင့်တက်ခဲ့သော ၁၁၉ ဒသမ ၉၀ဒေါ်လာဖြစ်ကြောင်း ယင်းသတင်းက ဆိုသည်။

အမ်အင်နဲအေ၊ဆင်ဟွာ

ကမ္ဘာ့ရွှေအများဆုံးထုတ်လုပ်သည့်နိုင်ငံ ယခုနှစ်၌ တရုတ်ဖြစ်လာမည်

ရှန်ဟိုင်း ဧပြီ ၃၀

တရုတ်နိုင်ငံသည် ၂၀၀၈ ခုနှစ်၌ ကမ္ဘာပေါ်တွင် ရွှေအများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်တော့မည်ဖြစ်ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များအဖွဲ့က ဧပြီ ၃၀ရက်၌ ပြောကြားသည်။

လျှော့ကျ

၂၀၀၈ခုနှစ်၌ တရုတ်နိုင်ငံသည် ရွှေတန်ချိန် ၃၀၀ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားသည်။ တရုတ်နိုင်ငံက ယခုကဲ့သို့ ရွှေထုတ်လုပ်မှု တိုးမြင့်လာချိန်တွင် တောင်အာဖရိကနှင့် အမေရိကန်နိုင်ငံ တို့က ရွှေထုတ်လုပ်မှုလျော့ကျလျက်ရှိသည်။

တောင်အာဖရိကနှင့် အမေရိကန်တို့သည် ကမ္ဘာ့ရွှေထုတ်လုပ်မှု၌ အများဆုံးနိုင်ငံများဖြစ်ကြသည်။သို့သော်မကြာမီနှစ်များမှစတင်ကာ ရွှေထုတ်လုပ်မှုကျဆင်းလာခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ရွှေထုတ်လုပ်မှုမှာနှစ်စဉ်ငါးရာခိုင်နှုန်းခန့် တိုးတက်လာလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုနှစ်၌ ကမ္ဘာ့ရွှေ အများဆုံး ထုတ်လုပ်နိုင်သည့် နိုင်ငံအဖြစ် တောင်အာဖရိကကိုကျော်ကာ နေရာယူနိုင်တော့မည်ဖြစ်ကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဟွာဟေမင်က ပြောကြားသည်။

(အင်တာနက်)

ဘဝအမောပြေ

နီးနေပြီ...

တောင်တက်သမားတစ်ဦးက တောင်ထိပ်ပေါ်သို့ ကြိုးစားတက်နေစဉ် ဆက်သွယ်ရေးစက်မှ စကားသံ ထွက်ပေါ်လာသည်။

ဆက်သွယ်ရေးစက်	။	အမြင့်ပေ ဘယ်လောက်ရောက်နေပြီလဲ။
တောင်တက်သမား	။	ပေ ၃၀၀၀။
		မိနစ်အတန်ကြာသော်...
ဆက်သွယ်ရေးစက်	။	အမြင့်ပေ ဘယ်လောက်ရောက်နေပြီလဲ။
တောင်တက်သမား	။	ပေ ၃၅၀၀။
		အတန်ကြာသော်...
ဆက်သွယ်ရေးစက်	။	အမြင့်ပေ ဘယ်လောက်ရောက်နေပြီလဲ။
တောင်တက်သမား	။	ပေ ၄၀၀၀။
		ထိုသို့ဖြေကြားပြီး တောင်တက်သမား ခြေချော်ကာ တောင်အောက်သို့ လိမ့်ကျသွားပြီး နာရီအတန်ကြာမှ သတိရလေသည်။
		ထိုအချိန်၌...
ဆက်သွယ်ရေးစက်	။	အမြင့်ပေ ဘယ်လောက်ရောက်နေပြီလဲ...
တောင်တက်သမား	။	အေး... မြေကြီးကျင်းထဲရောက်ဖို့နီးနေပြီဟေ့။
ဆက်သွယ်ရေးစက်	။	"ဟိုက်"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်ပြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘင်္ဂလားဒေ့ရှ်တွင် ဆင်ရိုင်းများ သောင်းကျန်းမှု ကလေးနှစ်ဦးသေဆုံး၊ အမျိုးသားတစ်ဦးဒဏ်ရာရ

ကော့ဘဇာ(ဘင်္ဂလားဒေ့ရှ်) ဧပြီ ၃၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့ တောင်ပိုင်းရှိ ရွာနှစ်ရွာကို လမ်းမှားရောက်ရှိလာသော ဆင်ရိုင်းများ ဖျက်ဆီးမှုကြောင့် ကလေးနှစ်ဦး ဆင်းနင်းခံရကာ သေဆုံးပြီး လူတစ်ဦးဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ဧပြီ ၂၈ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

မြို့တော်ဒါကာမှ ကီလိုမီတာ ၄၀၀ အကွာ ကော့ဘဇာခရိုင်မြို့အနီးရှိ ရွာတစ်ရွာတွင် ဧပြီ ၂၈ရက်ကလည်း ဆင်ရိုင်းများ၏ တိုက်ခိုက်မှုကြောင့် မိန်းကလေးငယ်တစ်ဦး သေဆုံးခဲ့ကာ ဝါးအိမ်ခြောက်လုံး ပျက်စီးခဲ့သည်ဟုဆိုသည်။

အလားတူပင် ယင်းဒေသရှိ အခြားရွာတစ်ရွာသို့ ဧပြီ ၂၇ရက်က လမ်းမှားလာသော ဆင်ရိုင်းအုပ်များက ဝင်ရောက်မွေနှောက် ဖျက်ဆီးခဲ့ကြောင်း၊ ယောက်ျား ကလေးတစ်ဦး သေဆုံးကာ အမျိုးသားတစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြောင်း၊ ဆင်ရိုင်းများ၏ဝရန်းသုန်းကားသောင်းကျန်းမှုကြောင့် အိမ်ငါးလုံးမှာ ပျက်စီးသွားခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

အမ်အင်နဲအေ၊ရိုက်တာ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ စစ်သွေးကြွများ ဒုံးကျည်များဖြင့် ပစ်ခတ်ပြီးနောက် ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘေးကင်းလုံခြုံသော အိုမန်နိုင်ငံ၏သမိုင်းစဉ်

သတင်းအက်ဆေး



မတ်စကတ်မြို့တော်၏မြင်ကွင်းတစ်စိတ်တစ်ဒေသ

အိုမန်နိုင်ငံသည် အာရေဗျကျွန်းဆွယ်၏ အရှေ့ကောင်ဘက် ပင်လယ်ကမ်းခြံဘက်ရှိ ဧရာမ ဒေသတွင် တည်ရှိသည်။ အာရပ်ကမ္ဘာတွင် ယူတာလ်ဝေးသက်တမ်းအရှည်ဆုံးနိုင်ငံဖြစ်ပြီး ပင်လယ်ကွေ့ဒေသအတွင်း၌ ရှိးရာအစဉ်အလာကို အထိန်းသိမ်းဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉၇၀ပြည့်လွန်နှစ်များကာလအထိ ကမ္ဘာပေါ်တွင် အထီးကျန်ဆန်ဆုံးနိုင်ငံတစ် နိုင်ငံလည်းဖြစ်သည်။

ယှဉ်ပြိုင်ခဲ့

အိုမန်နိုင်ငံသည် တစ်မြို့နိုက ကိုယ်ပိုင်ဆင်ပါယာထူထောင်နိုင်သည့် နိုင်ငံဖြစ်သည်။ ၁၉၆၀ခုနှစ်တွင် တန်ဖိုးငြေစာ အရှိန်ကြီးထွားစဉ်က ဆင်ပါယာမှာ အရှေ့ဆာဖရိက ကမ်ခြေဆီကုယ်ပြန့်ခဲ့ရှိမက ပင်လယ်ကွေ့နှင့် အိန္ဒိယသမုဒ္ဒရာတွင် ပေါ်တူဂီ၊ ဗြိတိန် တို့နှင့် ယှဉ်ပြိုင်ခဲ့သည်။

နှင်ထုတ်ခဲ့

အိုမန်နိုင်ငံသည် ၇၀ဝပြည့်နှစ်တွင် ဆရပ်ဝ်တို့ ဗိုးမိုးမှုနှင့် အစ္စလာမ်ဘာသာကိုးကွယ် မှုအစပြခဲ့သည်။ ၁၅၀၀ခုနှစ်တွင် ပေါ်တူဂီတို့က မတ်စကတ်ကိုဖြူ ကို ထုယူဖျက်ဆီးပြီး အိမ်နကမ်းခြေကိုသိမ်းသည်။ သို့သော် ၁၆၅၀ပြည့်နှစ်တွင် ပေါ်တူဂီတို့ကို နှင်ထုတ်ခဲ့သည်။ ၁၇၃၀ခုနှစ်တွင် ပါရှန်းတို့ ကျူးကျော်ယာသည်။ ၁၇၄၃ခုနှစ်တွင် တိုက်ထုတ်လုပ်ကိသည်။ ထိုအချိန်တွင် အယ်ဘူဆာဆစ်မင်းဆက် အာဏာရလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

ဆောင်ရွက်

၁၉၆၃ခုနှစ်တွင် ရေနံရှာဖွေတွေ့ရှိပြီး ၁၉၆၇ခုနှစ်တွင် ရေနံစတင်တူးဖော်သည်။ ၁၉၇၀ပြည့်နှစ်တွင် အိမန်စော်သွားကို သားတော်က သွေးထွက်သံပမိမရှိ အာဏာသိမ်းလိုက်သည်။ ထိုနောက် အိမန်စော်သွားသစ် စူလတန်ကာဘူစ်က တင်းကျပ်သောစည်း မျဉ်းဥပဒေများကို လျော့ချပြီး နိုင်ငံတော်ခေတ်မီတိုးတက်ရေးကို အားသွန်ဆောင်ရွက် သည်။

၁၉၈၁ ခုနှစ်တွင် အိမန်နိုင်ငံသည် ပင်လယ်ကွေ့ပေါင်းဆောင်ရွက်ရေးကောင်စီ ကိုစတင်ထူထောင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ၁၉၉၇ ခုနှစ်တွင် စူလတန်ကာဘူစ်က အမျိုးသမီးများအား အတိုင်ပင်ခံကောင်စီသို့ ဓမေဒှင့်နှင့် ပါဝင်ယှဉ်ပြိုင်ခွင့်ပေးသည်။ အမျိုးသမီးနှစ်ဦးအရွေးခံရသည်။

တံခါးဖွင့်

၁၉၃၈ ခုနှစ်တွင် စတင်ဆာဏာရသည့် သူဖခင် စူလတန်ဆာဆစ်ဘင်လက်ထက်က အိမန်နိုင်ငံမှာ ကမ္ဘာ့နှင့်ဆက်ပြတ်၊ အထီးကျန်ဘဝရောက်ခဲ့သမျှ သားဖြစ်သူစူလတန် ကာဘူစ်လက်ထက်တွင် တံခါးဖွင့်ကာ နိုင်ငံတကာနှင့် သွက်လက်စွာဆက်ဆံသည်။ စီပွားရေးပြုပြင်ပြောင်းလဲမှုပြုလုပ်သည်။ ပြည်တွင်းကျန်းမာရေး၊ ပညာရေးနှင့် ဂုဏ္ဍဗူလုံ ရေးကဏ္ဍများတွင် ရန်ပုံငွေအမြောက်အမြားပုံဆောသည်။

အဓိကရာခွေဝေး

အခြားသောပင်လယ်ကွေ့နိုင်ငံများကဲ့သို့ အိမန်နိုင်ငံ၏စီပွားရေးတွင် ရေနံသည် အဓိကဝင်ငွေကျေးသည့်လုပ်ငန်းဖြစ်သည်။ သို့သော်အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်သည့် အခါ အိမန်နိုင်ငံ၏ရေနံထွက်ရှိမှုမှာ တော်ရုံသာရှိသည်။ စိုက်ပျိုးရေးနှင့် ငါးဖမ်း လုပ်ငန်းတို့သည်လည်း ဝင်ငွေအဓိကရရှုဝေးသည့် လုပ်ငန်းကဏ္ဍများဖြစ်သည်။

ခရီးသွားလုပ်ငန်းသည်လည်း ဝင်ငွေရှာဝေးသည့် လုပ်ငန်းဖြစ်သည်။ ဤလုပ်ငန်းမှာလည်း အောင်မြင်တိုးတက်လျက်ရှိသည်။ ထိုဝိတန်းနိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုသဖြင့်လည်း ဤနိုင်ငံသို့ ပြည်ပဧည့်သည်များ အရောက် အပေါက်များသည်။

ဖိတ်ခေါ်

အထူးသဖြင့်ကမ္ဘာလှည့်ခရီးသည်များအတွက် အိမန်နိုင်ငံ၏ အများအားဖြင့် ယူဆရောက်သူဓလေ့ရှိသော်လည်း ပင်လယ်ကမ်းရိုးတန်း၊ တောင်ကုန်း တောင်တန်းများ၊ သဲကန္တာရများမှာ ခွဲမကဲစရာဖြစ်သည်။ ထိုမှအပ ရေးတောင်ခံတပ်ကြီးများ၊ နန်းတော်ရာ များ၊ ဖြူရိုးတံတိုင်းကိုဖြင့် လှေလာစရာများ ပြည့်လျမ်းနေသော တော်ကတက်ကြွတော်၏ ခေတ်နှင့်ဆနဲ့ ဟုပ်ဖြစ်နှစ်ဖြိုးတိုးတက်မှုသည်လည်း ကမ္ဘာလှည့်ခရီးသွားများကို ဖိတ်ခေါ်လျက်ရှိသည်။

လုံခြုံ

အိမ်နီးချင်းနိုင်ငံအချို့ကဲ့သို့ စစ်သွေးကြွအစွာလမ်းစ (အကြမ်းဖက်မှုများ အိမန်နိုင်ငံ၌ ကင်းရှင်းနေမှုကြောင့် စီပွားကုန်သွယ်သူများ၊ ကမ္ဘာလှည့်ခရီးသည်များမှစ၍ အိမန်သည် တောကင်းလုံခြုံရာဒုနိုင်ငံဖြစ်ခြင်းမှာ ဒေသတွင်း အခြား အခြားသောနိုင်ငံများထက် အရာရာတွင် တစ်ပန်းသာနေ ပါကြောင်း။

တိုး-ရေးသားသည်

ကိုးကား-အင်တာနက်

အိုမန်နိုင်ငံ၌ အကြမ်းဖက်မှုများ ကင်းရှင်းနေမှုကြောင့် စီးပွားကုန်သွယ်သူများ၊ ကမ္ဘာလှည့်ခရီးသည်များ အဖို့ အိမန်သည် ဘေးကင်းလုံခြုံရာ နိုင်ငံဖြစ်။



နိုင်ငံတကာ အာကာသစခန်းယာဉ်အား ပုံမှန်ပတ်လမ်းကြောင်းအတွင်း တွန်းတင်

နာဆာ ဇွန် ၃၀

ဥရောပမှ အာကာသယို လွှတ်တင်ထားသည့် ဂျူးလက်စ်ဇာနီ ကုန်တင်အာကာသ ယာဉ်(အောက်ပုံ)သည် နိုင်ငံတကာအာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)ကို ကမ္ဘာ့အထက်အမြင့် တစ်နေရာသို့ တွန်းတင်ပေးခဲ့သည်။

တွန်းတင်ပေး

ယင်းကုန်တင်အာကာသယာဉ်သည် ဧပြီလဆန်းက နိုင်ငံတကာအာကာသစခန်း ကောင်ပဲပြားများနောက်ဘက်သို့ ရောက်ရှိချိန်ဆက်ထားခဲ့သည်။ နိုင်ငံတကာ အာကာသစခန်းယာဉ်သည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၃၄၂အကွာတွင် ယခုအခါ

လှည့်ပတ်လျက်ရှိသည်။ ၎င်းအာကာသစခန်းယာဉ်ကို ကမ္ဘာမြေသို့ ပြန်ကျလာစေရေး အမြင့်နေရာသို့ ပြန်လည်တွန်းတင်သွားရန် လိုအပ်သည်။ ယင်းအတွက် ဥရောပ ကုန်တင်အာကာသယာဉ်က ပုံမှန်လှည့်လှည့်ပတ်လမ်းကြောင်းသို့ တွန်းတင်ပေးခဲ့သည်။

လှည့်ပတ်

ဥရောပကုန်တင်အာကာသယာဉ်က နိုင်ငံတကာအာကာသစခန်းယာဉ်ကို ၄၁သမျှ ကီလိုမီတာအမြင့်သို့ တွန်းတင်ပေးနိုင်ခဲ့သည်။ နိုင်ငံတကာအာကာသစခန်းယာဉ်သည် တစ်စက္ကန့်လျှင် မီတာ ၇၇၀၀နှုန်းဖြင့် ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း လှည့်ပတ် လျက်ရှိသည်။ ၎င်းယာဉ်၏ အလေးချိန်မှာ တန်ချိန် ၂၈၀ရှိသည်။

စီစဉ်ထား

နိုင်ငံတကာ အာကာသစခန်းယာဉ်ကို ဇွန်၊ ဇူလိုင်နှင့် သြဂုတ်လတို့တွင် နောက်တစ်ကြိမ် ပုံမှန်ပတ်လမ်းကြောင်းထဲသို့ပြန်ရောက်ရေး ဥရောပကုန်တင် အာကာသယာဉ်က တွန်းတင်ပေးသွားရန် စီစဉ်ထားသည်။ ၎င်းကုန်တင်ယာဉ်သည် သြဂုတ်လတိုင်အောင် နိုင်ငံတကာ အာကာသစခန်း၌ ဆက်လက်ရှိနေမည်ဖြစ်သည်။

လာမည့်လတွင် နိုင်ငံတကာအာကာသစခန်းသို့ ဒဇူကာဗာစီလွှန်းပြန်ယာဉ် သွားရောက်ရန် စီစဉ်ထားသဖြင့် ပုံမှန်ပတ်လမ်းကြောင်းအတွင်း ရောက်ရှိရေး တွန်းတင်ပေးခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အာကာသပိပ္ပံ

ပြည်ပသတင်း နောက်ဆုံးပြစ်ရပ်များ

၃၀-၄-၂၀၀၈

ပစိဖိတ်တောင်ပိုင်း၌ အင်အားပြင်းထလျင်လှုပ်

ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း ဗင်္ဂန်တူနိုင်ငံ အနောက်တောင်ပိုင်း၌ အင်အားရစ်ချိတာစကေး ၆ ဒသမ ၄အဆင့်ရှိ အင်အားပြင်းလျင် လှုပ်ရှားခဲ့ကြောင်း ဗင်္ဂန်ထူနိုင်ငံမှ လှုပ်ယာရှင်များက ပြောကြားသည်။ ထိုသို့ လျင်လှုပ်ခေတ်လည်း ဆုနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်းနှင့် ထိခိုက်မှုကိစ်းမှ မရှိကြောင်း သိရသည်။

ယူအေအီးနှင့် ဂျီစီစီ ပူးပေါင်း ဂြိုဟ်တုလွှတ်တင်မည်

အာ ရပ် စော် ဘွား များ ပြည်ထောင်စု(ယူအေအီး)နိုင်ငံက ဂြိုဟ်တုလွှတ်တင်ရေးနှင့် ပတ်သက်ပြီး ပင်လယ်ကွေ့ပေါင်း ဆောင်ရွက်ရေး ကောင်စီ(ဂျီစီစီ) အဖွဲ့ဝင် နိုင်ငံများနှင့်အတူ ပူးတွဲဆောင် ရွက်သွားမည် ဖြစ်ကြောင်း ယူအေအီး အရာရှိများက ပြောကြားသည်။

ဒုဘိုင်းမြို့တွင်ကျင်းပသည့် အရှေ့အလယ်ပိုင်း ဆိုင်ရာ ဆွေးနွေးပွဲ၌ ယူအေအီး အရာရှိ များက ဂြိုဟ်တုလွှတ်တင်ရေး ဆိုင်ရာ လုပ်ငန်းစဉ်များကို ပူးတွဲဆောင်ရွက်သွားမည် တင်ပြခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေစျေးနှုန်းကျဆင်းလာ

ကမ္ဘာ့ရေးကွက်၌ ရွှေစျေးနှုန်းများ ပြန်ကျဆင်းလာကြောင်း တရုတ်ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ရွှေရေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၀၆ ဒသမ ၈၂ ဒေါ်လာအထိ ကျဆင်းနေကြောင်း၊ ယခင်နေ့ကထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၃ဒေါ်လာ ကျဆင်းခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ပါကစ္စတန်နှင့် တူရကီ ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုပြုံးဆုံး

ပါကစ္စတန်နှင့်တူရကီနှစ်နိုင်ငံ ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှု အောင်မြင်စွာပြီးဆုံးကြောင်း ပါကစ္စတန် လေကြောင်းအရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုကို ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်း ဆာဂိုဟာ လေတပ် စစ်အခြေစိုက်စခန်း၌ သီတင်းတစ်ပတ်ကြာ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ကျော်ဒန်ဘုရင်နှင့် အီဂျစ်သမ္မတတို့ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေး

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ကျော်ဒန်ဘုရင် အဓွန္တလာ-၂နှင့် အီဂျစ်သမ္မတ ဟို့စ်နီမူဘာရက်တို့ အီဂျစ်နိုင်ငံ ကိုင်ရိုဖြို့၌ တွေ့ဆုံ ဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် အစ္စရေးနှင့် ပါလက်စတိုင်အြဿနာ၊ ဆီရန်ျုကလီးယားတို့ အပါအဝင် လက်ဘနွန်နိုင်ငံရေး အကျပ်အတည်းများကို ဆွေးနွေး ခဲ့ကြသည်။

ဗီယက်နမ်ကျောက်မီးသွေးသုံးစွဲမှု ၂၀၁၅ခုနှစ်၌ ပြတ်လပ်ဖွယ်

ဗီယက်နမ်နိုင်ငံ အနေဖြင့် လက်ရှိသုံးစွဲမှု အတိုင်းအတာအရ ၂၀၁၅ခုနှစ်၌ ကျောက်မီးသွေး လောင်စာ ပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့ ရမည်ဖြစ်ကြောင်း ဗီယက်နမ် စွမ်းအင်အရင်းမြစ်များက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၅ခုနှစ်၌ ပြည်တွင်း ကျောက်မီးသွေးသုံးစွဲမှု ၆၃ သန်း ၈ ရာနှင့်ညီနှုန်း လိုအပ်မည်ဖြစ်ရာ အနည်းဆုံးကျောက်မီးသွေးတန်ချိန် သန်း ၆၀ ခန့်ရှိမည် ဖြစ်သည်။

တရုတ်သမ္မတ ဂျပန်သို့ အလည်အပတ်သွားမည်

တရုတ်သမ္မတကြီး ဟူကျင်တောင်သည် ဂျပန်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည် ဖြစ်ကြောင်း တရုတ်နိုင်ငြခြားရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

တရုတ်သမ္မတအနေဖြင့် ဂျပန်နိုင်ငံသို့ မေ ဖေဂျမှ ၁၀ရက်အထိ အလည်အပတ်ခရီးသွားရန် စီစဉ်ထားရာ မစ္ဆာတယ္ဟကျင်တောင်အနေဖြင့် ပြီးခဲ့သည့် ၁၀ နှစ်တာ ကာလအတွင်း ဂျပန်နိုင်ငံသို့ ပထမဆုံး အလည်အပတ် သွားသည့် တရုတ်သမ္မတဖြစ်သည်။

ဗင်နီဇွဲလား၌ လေယာဉ်ယိမ်တစ်စင်းပျက်ကျ

ဗင်နီဇွဲလားနိုင်ငံ မြောက်ပိုင်း၌ လေယာဉ်ယိမ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာသူ လေးဦး သေဆုံးသွားကြောင်း ဗင်နီဇွဲလား လေကြောင်းအရာရှိများက ပြောကြားသည်။အဆိုပါလေယာဉ်သည် ကာဂီရလာမြို့ရှိ နေအိမ်တစ်အိမ်ပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်ရာ နေအိမ်ရှိလူရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဘဝဒဿနအမြင်

* ***The torture of a bad conscience is the hell of a living soul.***

လိပ်ပြာမသန့်ခြင်း၏ နှိပ်စက်ညှဉ်းပန်းမှုသည် အသက်ရှင်လျက်နှင့် ငရဲ၌ ရောက် နေခြင်းပင် ဖြစ်သည်။

ဂျွန်ကယ်လ်ဗင်

(ပြင်သစ်လူမျိုး ဘာသာရေးသမား)

* ***Ingratitude is treason to mankind.***

ကျေးဇူးကန်းခြင်းသည် လူသားများကို သစ္စာဖောက်ခြင်းပင်ဖြစ်သည်။

ဂျိုးစ်သော်မဆင်

(စကော့လူမျိုး၊ ကဗျာဆရာ)

ခရမ်းချဉ်သီး နေ့စဉ်စားသုံးပေးလျှင် အရေပြားတွန့်ခြင်းမှ ကာကွယ်ပေးနိုင်

မန်ချက်စတာ ဧပြီ ၃၀

ခရမ်းချဉ်သီး နေ့စဉ်စားသုံးခြင်းသည် နေလောင်ခြင်းနှင့်ပါးရောင့်ခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့က လေ့လာတင်ပြထားသည်။

မန်ချက်စတာနှင့် နယူးကာဆယ်တက္ကသိုလ်များမှ ဗြိတိသျှသိမ့်ပယ်သူနှင့်များသည် လူ ၁၀ဦးအား နေ့စဉ် ခရမ်းချဉ်သီးအနှစ် လက်ဖက်စားနွယ်ငါးနွေးကျွေးပြီး သုတေသနပြုလေ့လာခဲ့ရာ အသားအရေကောင်းလာသည့်အပြင် နေလောင်ဒဏ်မှလည်း ကာကွယ်နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

ခရမ်းချဉ်သီး(**အပေါ်ပုံ**) စားသုံးခြင်းကြောင့် အရေပြားပေါ်တွင်ရှိသော အရေးအကြောင်းများဖြစ်ပေါ်ခြင်း၊ တွန့်ခြင်းများကို ကာကွယ်ပေးနိုင်သည့်အပြင် အရေပြားကင်ဆာအထိ ကာကွယ်ပေးနိုင်သည်ဟု သုတေသနပညာရှင်များက ထောက်ခြားသည်။

ယင်းသုတေသနအဖွဲ့သည် လူ ၁၀ဦးအား နေ့စဉ် ခရမ်းချဉ်သီးအနှစ် လက်ဖက်စားနွယ်ငါးနွေးကျွေးပြီး အခြားဝဦးကို နေ့စဉ် သံလွင်ဆီ ၁၀ ဂရမ်ကိုက်ကျွေးရာ သုံးလကြာသည့်အခါ ခရမ်းချဉ်သီးစားသောနေ့ဝဲဖုများ နေလောင်ဒဏ်ကာကွယ်နိုင်မှု ၃၃ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ **(အင်တာနက်)**

အင်တာနက်ကျန်းမာရေး

သမ္မတရွေးကောက်ပွဲ၌ မက်ကိန်းကို အနိုင်ယူရန် အိုဘားမား သို့မဟုတ် ဟီလာရီ ပြိုင်ပွဲမှထွက်ခွါန်တန်ပြီဟုဆိုနေ

ဝါရှင်တန် ဧပြီ ၃၀

သမ္မတရွေးကောက်ပွဲတွင် ပါတီ၏ရည်းစားလုံးညီညွတ်မှုကို ထိန်းသိမ်းသောအားဖြင့် လောလောဆယ် အကြိတ်အနယ် ဖဲဆွယ်ယှဉ်ပြိုင်နေကြသည့် ဟီလာရီကလင်တန် သို့မဟုတ် အိုဘားမားတို့အနေဖြင့် ပြိုင်ဖွဲ့မှမည်သည့်အခါထွက်ရမည်ကို သိကြရမည်ဖြစ်ကြောင်း ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌဟောင်း ဝပဒင်းက ဧပြီ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့်အိုဘားမားတို့ အရှိန်ကြာမြင့်စွာ အချင်းချင်း ယှဉ်ပြိုင်နေခြင်းကြောင့် နိုဝင်ဘာလဆန်း၌ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်ရီပတ်ဘလီကင်ပါတီကိုယ်စားလှယ် ဂျွန်မက်ကိန်းအပေါ် အနိုင်ယူရမည့် ဒီမိုကရက်တစ်ပါတီ၏အခွင့်အရေးများ ထိခိုက်ပျက်ပြားသွားနိုင်သည်ဟုလည်း ပါတီဥက္ကဋ္ဌ မစ္စတာ ဟောင်းဝပဒင်းက အောင်စီရပ်ခြင်းသဘောကြား ကွေ့ဆုံးမေးမြန်းခန်းတွင် သုံးသပ်ပြောကြားသည်။

တိုက်တွန်း

အိုဘားမား သို့မဟုတ် ဟီလာရီတို့အနက် တစ်ဦးဦးသည် ပြိုင်ပွဲမှထွက်ရန် အရှိန်ကျ ရောက်ပြီဖြစ်ကြောင်း၊ မိမိ သို့မဟုတ် ပြည်သူတို့အတွင်းမှ တစ်ခုတစ်ယောက် သို့မဟုတ် သတင်းစာများက သူတို့တစ်ဦးဦးကို ပြိုင်ပွဲမှထွက်ပါရန် တိုက်တွန်းဖွဲ့ပင်ကြောင်း၊ သူတို့နှစ်ဦးသည် ပြိုင်ဖွဲ့တွင်ဘယ်အရှိန်ခံ၍ ဘယ်အရှိန်ထွက်ရမည်ကို သိရှိထားသူများဖြစ်ကြောင်း မစ္စတာဟောင်းဝပဒင်းက ပြောကြားသည်။

အရှေ့တီမော သူပုန်ခေါင်းဆောင်နှင့်ဘဉီး ကိုယ်တိုင်လာရောက် အဖမ်းခံကြ

ဒီလီ ဧပြီ ၃၀

အရှေ့တီမောသမ္မတ ဟိုဆေးရာမို့စ်ဟော်တာအားလုပ်ကြံရန် ကြိုးပမ်းမှုဖြင့် စွပ်စွဲခံရသည့် သူပုန်ခေါင်းဆောင် ဂက်စတာမို့ ဆာလ်ဆင်ဟာနှင့် အခြားသူပုန်ဘဉီးတို့သည် မြို့တော်ဒီလီရှိ အစိုးရနန်းတော်၌ ဒုတိယဝန်ကြီးချုပ် ဟိုဆေးလူဒီဂတ်ကားရက်ထံ အဖမ်းခံကြသည်။

ပြောကြား

ယင်းသို့ သူပုန်ခေါင်းဆောင်နှင့် နောက်လိုက်များ သက်ဆိုင်ရာသို့ လာရောက်ကိုယ်တိုင်အဖမ်းခံခြင်းမှာ အရှေ့တီမော နိုင်ငံအတွက် သမိုင်းဝင်ဖြစ်ရပ်တခုဖြစ်ကြောင်း ဒုတိယ ဝန်ကြီးချုပ် ဟိုဆေးလူဒီဂတ်ကားရက်က ပြောကြားသည်။

သူပုန်တို့၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သမ္မတဟိုဆေးရာမို့စ်ဟော်တာမှာ ဖေဖော်ဝါရီလက ဒဏ်ရာအပြင်းအထန်ရခဲ့သဖြင့် ဩစတြေးလျနိုင်ငံ၌ ဆေးဝါးကုသမှု ခံယူပြီးနောက် ယခုလဆန်းပိုင်းကမှ အရှေ့တီမောသို့ ပြန်လာခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အိုဘားမား(ဝဲ)နှင့် ဟီလာရီ(ယာ)

လက်ဘန်နွန် အကျပ်အတည်းပြေရှင်းရန် အာရပ်အပွဲ့ ချုပ် အကြီးအကဲ ဘေရွတ်သို့ ထွက်ခွာ

ဘေရွတ် ဧပြီ ၃၀

လက်ဘန်နွန်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် အတွက် အာရပ်အပွဲ့ချုပ် အကြီးအကဲ အမာမူဆာမှာ ဘေရွတ်သို့ ရောက်မည် ဖြစ်ကြောင်း အာရပ်အပွဲ့ချုပ်က ဧပြီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

ဆွေးနွေး

လက်ဘန်နွန် နိုင်ငံတွင်း အကျပ်အတည်းဖြစ်ရသော လက်ဘန်နွန်သမ္မတ ဧမးလူဟုပ် ရွှေ့ချယ်ပွဲနှင့်ပတ်သက်ပြီး အရေးကြီး သည့် တွေ့ဆုံဆွေးနွေးမှုများ ဖြတ်လုပ်ရန်အတွက် မစ္စတာ အမာမူဆာမှာ ဘေရွတ်ဖြို့သို့ လာရောက်ခြင်းဖြစ်သည်။

တက်ရောက်

အာရပ်အပွဲ့ချုပ် အကြီး အကဲအရေးဖြင့် ဘေရွတ်ဖြို့၌ ရှိဓနဥ်အတွင်း အာရပ်စီးပွား ရေးရုံးသို့ တက်ရောက်ကာ ဖြို့နှင်းပြောကြားမည်ဖြစ်သည်။ ထို့နောက် လက်ဘန်နွန် အကျပ်အတည်းအတွက် အဖြစ် နိုင်ဆုံးနည်းလမ်းများကို ဆွေးနွေးသွားမည်ဖြစ်သည်။

ပြောကြား

လက်ဘန်နွန်နိုင်ငံသည် ၁၉၇၅ မှ ၁၉၉၀နှစ်အထိ ပြည်တွင်းစစ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း ယခုအကျပ် အတည်းသည် အလက်အခဲဆုံးဖြစ်ပါကြောင်း အမာမူဆာက ပြောကြားသည်။ လက်ဘန်နွန် သမ္မတဆွေးကောက်ပွဲသည် ၂၀၀၇နှစ်နိုဝင်ဘာ ၂၄ ရက်မှစတင်ကာ အကြိမ်ကြိမ်ရွေ့ဆိုင်းခဲ့ရပြီးဖြစ်သည်။

(အင်တာနက်)

အင်ဒိနီးရှား စားအုန်းဆီ တင်ပို့ခွန် မေလတွင် ၁၅ရာခိုင်နှုန်း လျော့ချသွားမည်ဆို

ဂျကာတာ ဧပြီ ၃၀

အင်ဒိနီးရှားအစိုးရသည် နိုင်ငံတကာဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းကျဆင်းမှုအပေါ် အခြေခံ၍ မေလမှစပြီး စားအုန်းဆီတင်ပို့မှုပိုကုန်နှုန်းကို ၁၅ရာခိုင်နှုန်း လျော့ချသွားမည်ဖြစ်ကြောင်း ဒေသထုတ် သတင်းစာတစ်စောင်တွင် ဧပြီ ၂၈ရက်က ရေးသား ဖော်ပြသည်။

ကျဆင်း

စားအုန်းဆီပျမ်းမျှတစ်တန်လျှင် နိုင်ငံတကာဈေးကွက်တွင် မူလပေါက်ဈေးထက် ၁ဒသမ ၁၅ဒေါ်လာ ဈေးကျဆင်းသွားကြောင်း ကုန်သွယ်ရေးခန့်ကြီး မာဇီအီလ်ကာမန်ဂျပ်စ်ယူ၏ ပြောကြားချက်ကို ကိုးကားလျက် ဂျကာတာပို့စ် သတင်းစာက ရေးသားသည်။

ဧပြီလဆန်းပိုင်းတွင် စားအုန်းဆီတစ်တန်လျှင် ဖျန်းမျှအား ဖြင့် အမေရိကန်ဒေါ်လာ ၁၃၉၅ဒေါ်လာအပေါ် အခြေခံလျက် ပို့ကုန်ခွန်ကို လျှော့ချခဲ့သည်။

သတ်မှတ်

အင်ဒိုနီးရှားဆိုးရက ပို့ကုန်ခွန်ကို တစ်တန်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၁၂၀ကျော်ဖြင့် တင်ပို့ရောင်းချလျှင် ၂၀ရာ ခိုင်နှုန်း လျှော့ချပြီး တစ်တန်ဈေးနှုန်း ၁၃၀၀ကျော်ပါက ၃၀ရာခိုင်နှုန်း ပို့ကုန်ခွန် လျှော့ချသွားရန် သတ်မှတ်ထားသည်။

ခန့်မှန်း

အင်ဒိုနီးရှား စားအုန်းဆီအသင်းက ခန့်မှန်းထားရာတွင် ယခုနှစ်ကုန်အထိ စားအုန်းဆီ ၂၇ရာခိုင်နှုန်း တိုးခြွင့်တင်ပို့ပြီး ထုတ်လုပ်မှုကို တန်မှိုဖို့ ၁၈၁သန ၄ သန်းအထိ ထုတ်လုပ်သွားရန် ခန့်မှန်းထားသည်။ **အမဲအင်ဒိနေးရှားဆောင်ဟွာ**

ဗီယက်နမ်မှ ဖိလစ်ပိုင်သို့ ဆန်တန်ချိန် ၁၀၂၀၀၀ တင်ပို့မည်

ဟနွိုင်း ဧပြီ ၃၀

ဗီယက်နမ်ဆန်ကုန်သည်များသည် ဖိလစ်ပိုင်နိုင်ငံက ဆန်တန်ချိန် ၁၀၂၀၀၀ ဝယ်ယူရန် တင်ဒါခေါ်ယူခဲ့မှုကို ရရှိခဲ့ကြောင်း ဧေသထုတ်သတင်းစာ ဗီယက်နမ်ဆီကိုနောမစ်တိုင်း(ဓ်)၌ ဧပြီ၂၈ရက်က ရေးသားသည်။

ဗီယက်နမ်နိုင်ငံက ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၀ဝဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယင်းဆန်များကို ယခုလမှ ဇွန်လကုန်အထိ ဗီယက်နမ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ အရောက် ပို့ပေးသွားမည်ဖြစ်ကြောင်း ဗီယက်နမ်စားနပ်ရိက္ခာ အသင်း၏ ထုတ်ပြန်ချက်ကို ၄င်းသတင်းစာက ကိုးကားရေးသား သည်။

ဖော်ပြ

ဗီယက်နမ်ဆန်ကုန်သည်များသည် ယခုနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် ၅သောင်းသန်း တင်ပို့ရောင်းချရေးဆွဲထုက် ကန်ထရိုက် စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ ယင်းတို့အနက်မှ အမေရိကန် ဒေါ်လာ ၅ဖိသန်းဖိုးရှိ ဆန်တန်ချိန် ၁ ဒသမ ၁သန်းကို ပြည်ပသို့ တင်ပို့ပြီးဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ရောင်းချ

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ ဆန်ဒုတိယအများဆုံး တင်ပို့ ရောင်းချသည့်နိုင်ငံဖြစ်သည်။ ပြီးခဲ့သည့် ၂၀၀၇နှစ်က ဆန်တင်ပို့ ရောင်းချရာ၌ အမေရိကန်ဒေါ်လာ ၁ ဒသမ၅ဘီလီယံရရှိခဲ့သည် ဟုဆိုသည်။

တင်ပို့

ယင်းနိုင်ငံ၏ ဆန်အဓိက တင်ပို့ရောင်းချသော နိုင်ငံများမှာ ဖိလစ်ပိုင်၊ ဧလေးရှား၊ ကျူးဘား၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့ ဖြစ်သည်။ **အမဲအင်ဒိနေးရှားဆောင်ဟွာ**

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၅၅ဦးရှိခဲ့ပြီ

ဘဂ္ဂဒက် ဧပြီ ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ ဧပြီ ၂၈ရက်က လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

အခိုင်အမာတည်ရှိ

ဆာဒါဒေသဝန်းကျင်နှင့် အခြားတစ်စနစ်း အခိုင်အမာတည်ရှိ ရာဒေသများတွင် ယင်းနှစ်၌ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

၂၀၀၃ခုနှစ်မှစတင်ကာ အီရတ်သို့ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၄၀၅၅ ဦးရှိသွားပြီ ဖြစ်သည်။ **အမဲအင်ဒိနေးရှားဆောင်ဟွာ**

ကျူးပေါက်

ဂျပန်နိုင်ငံတို့ ကျူ မြို့ အနောက်ပိုင်း ဆူဆိုနီဒေသရှိ ဖူ ဂျီ ဘာ ဖာရီ တိရစ္ဆာန်ဥယျာဉ်၌ တစ်လသား အရွယ် ကျားပေါက် ကလေးများကို ဧပြီ ၃၀ ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

သဘာဝအပန်းဖြေနေရာနှင့် ရေချိုးဆိပ်တို့ဖြင့် လှပနေသည့် နေပြည်တော် ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်း

သတင်းဆောင်းပါး-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွှန့်)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် ဧပြီ ၃၀

နေပြည်တော်ပျဉ်းမနား၏ ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်းကို သက်ဖြန်ကာလအတွင်း စည်ကားသိုက်မြိုက်စွာဖြင့် အောင်အောင်မြင်မြင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ရေလှောင်တမံနှင့်ပတ်သက်၍ သတင်းဆောင်းပါးများ ရေးသားနေသူဖြစ်သောကြောင့် မည်သို့မည်ပုံ အပန်းဖြေဥယျာဉ်စခန်း တည်ဆောက်နေကြသည်ကို စိတ်ဝင်စားမိသည်။

"ပြည်တွင်းက ရင်းနှီးမြှုပ်နှံမယ့် ပုဂ္ဂိုလ်တွေကို ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်းက ဖိတ်ခေါ်ပါတယ်။"
ဦးခင်ဇော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းဦးစီးဌာန

သို့ဖြစ်၍ နေပြည်တော်ပျဉ်းမနား တောက်ပြို ရေလှောင်တမံ သတင်းဆောင်းပါးရေးသားရန်သွားစဉ် ဝင်ရောက်လေ့လာလိုသဖြင့် တောက်ပြိုရေလှောင်တမံ တာဝန်ယူ တည်ဆောက်ခဲ့သော တည်ဆောက်ရေး(၅)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းမှတစ်ဆင့် ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်ဇော်ထံ ဝင်ရောက်လေ့လာခွင့် တောင်းခဲ့သည်။

ဧပြီ ၂၂ ရက် နံနက်တွင် ငလိုက်ကန်သာအပန်းဖြေ ဥယျာဉ်စခန်းသို့ ရောက်ရှိသွားသည်။ ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်းသို့ရောက်ပြီး မကြာမီပင် ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်း အကောင်အထည်ဖော်ရေးအဖွဲ့ခေါင်းဆောင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်ဇော်၊ အဖွဲ့အတွင်းရေးမှူး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်တို့ ရောက်ရှိလာကြသည်။

ကိုယ်တိုင်ခံစား

ငလိုက်ရေလှောင်တမံမှာ၁၉၈၅-၈၆ တွင်ဖွင့်လှစ်ခဲ့သော ရေလှောင်တမံဖြစ်သော်လည်း ရေများနည်းပါးလျှေနည်း ခြင်းမရှိဘဲ နှစ်စဉ်ရေလျှံခဲ့သည်ဟု သိရသည်။ ငလိုက်ရေလှောင်တမံ၏ ပတ်လည်တွင် စိမ်းစိုနေသော သစ်ပင်ကြီးများဖြင့် ပိုင်းထားသည်။ ရေလှောင်ကန်ရေကို ဖြတ်သန်းတိုက်ခတ်လာသောလေကြောင့် ပူလောင်ခြင်းမရှိ၊ အေးချမ်းလှသည်ကို ကိုယ်တိုင် ထိတွေ့ခံစားရသည်။

ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်းတည်ဆောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးခင်ဇော်က စာရေးသူတို့အား တွေ့၍ ဝမ်းသာလှိုက်လဲစွာနှုတ်ဆက်ပြီး အပန်းဖြေဥယျာဉ်စခန်းနှင့် ပတ်သက်၍ မြန်မာ့အလင်းအဖွဲ့ သိရှိလိုသမျှကို ဖြေကြားပြောဆိုသည်။ တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူးဦးကျော်မြင့်လှိုင်နှင့် Suntacကုမ္ပဏီ အမှုဆောင်ဒါရိုက်တာ ဦးစစ်တိုင်းအောင် တို့နှင့်လည်း သိလိုသမျှ မေးမြန်းခဲ့သည်။

ဥယျာဉ်စခန်း

ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်းနှင့် ပတ်သက်၍ မြန်မာ့အလင်းသတင်းအဖွဲ့က သိလိုသမျှကို အဖွဲ့ခေါင်းဆောင် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်ဇော်က ရှင်းပြရာတွင် "ငလိုက်ကန်သာအပန်း ဖြေဥယျာဉ်စခန်းကတော့ ပြီးခဲ့တဲ့ နိုဝင်ဘာလက နိုင်ငံတော်အကြီးအကဲ ဒီကိုရောက်ရှိလာပြီးတော့ ဒီလို ရေမြေတောတောင် သဘာဝအခြေအနေ ပေးတဲ့ နေပြည်တော်နဲ့လည်း သိပ်မဝေးကွာ

"ကျွန်းပေါ်မှာ ဒေသနဲ့ လိုက်လျောညီထွေတဲ့ ဒေသအစားအစာတွေ လတ်လတ်ဆတ်ဆတ် ရောင်းချပေးပါမယ်"
ဦးကျော်မြင့်လှိုင်(ညွှန်ကြားရေးမှူး)
တည်ဆောက်ရေး-၉
ဆည်မြောင်းဦးစီးဌာန

တဲ့နေရာမှာ အများပြည်သူတွေ အပန်းဖြေနားနေနိုင်တဲ့ ဥယျာဉ်စခန်းလေးတစ်ခု ထူထောင်ပေးဖို့ လမ်းညွှန်ခဲ့ပါတယ်။ ဒါကြောင့် အမြန်ဆုံးအကောင်အထည်ဖော်ခြင်းဖြစ်ပါတယ်။

ပူးပေါင်းဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဖွဲ့ ဖွဲ့ပေးပါတယ်။ အဖွဲ့မှာ ကျွန်တော့်အနေနဲ့ တာဝန်ယူပြီးတည်ဆောက်ရေး(၉)က ဦးကျော်မြင့်လှိုင်က အတွင်းရေးမှူးပါဝင်တဲ့ အဖွဲ့ ဖွဲ့ပေးလိုက်ပါတယ်။ အဖွဲ့အနေနဲ့ ကွင်းဆင်းပြီးတော့ အဖွဲ့မှာ အကြံပေး ပုဂ္ဂိုလ်ပါတော့ ပုံထုတ်ရေးကအစ မြေပုံထုတ်မယ့်အဆင့် အထိ အပန်းဖြေစခန်းနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိတဲ့ Suntac အဖွဲ့ပါ ပူးပေါင်းပြီး စတင် ဆောင်ရွက်ကြပါတယ်။

Master Plan ရေးဆွဲပြီးအကောင် အထည်ဖော်ကြရာမှာ ဇုန်ခုနစ်ခုခွဲပြီး ရေးဆွဲကြရပါတယ်။ ဇုန်အနေနဲ့ အုပ်ချုပ်မှုဇုန်၊ အနားယူအပန်းဖြေနိုင်တဲ့ဇုန်၊ ရေချိုးဆိပ်နဲ့အတူ အပန်းဖြေအနားယူနိုင်တဲ့ ကလေး ကစားကွင်း၊ ကမ်းသာယာပုံစံတည်ဆောက်ရန် ဇုန်တစ်ခု သတ်မှတ်ပါတယ်။

ရေလယ်ကျွန်း

ရေလယ်ကျွန်းသို့ လှေဖြင့် တစ်ဦးချင်း အရလည်းကောင်း၊ အဖွဲ့နှင့်သွားလာနိုင်ရန် လည်းကောင်း၊ ရေလယ်ကျွန်းမှာ လာရောက် အနားယူ အပန်းဖြေနိုင်ရန် စီစဉ်ထားပါတယ်။ အဲဒီနေရာကို ရေလယ်ကျွန်းဇုန်လို့ သတ်မှတ်ဆောင်ရွက်ပါတယ်။ ရေမြေအခြေအနေပေးတာလည်း ဒီနေရာမှာရှိနေတော့ အပန်းဖြေတဲ့ပြည်သူတွေ စားသုံးနိုင်အောင် သီးနှံတွေကို စိုက်ပျိုးရောင်းချပါမယ်။ အဲဒီအပြင် ဒီက သဘာဝ သီးနှံတွေ နေပြည်တော်တစ်ပိုက်မှာရှိတဲ့ ဟိုတယ်ဇုန်တွေကို ဖြန့်ဖြူးပေးနိုင်တဲ့ အပန်းဖြေဥယျာဉ်စခန်း ဇုန်အဖြစ် အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။

ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်းမှာ အပန်းဖြေစခန်းလေးထားရှိမှာဖြစ်ပြီး ပတ်ဝန်းကျင်အားလုံးကိုမြင်နိုင်တဲ့ View Tower နှင့်အတူ အမှတ်တရပစ္စည်းတွေ ရောင်းပေးပါမယ်။

"ရေရှည် တည်တံ့ ခိုင်မြဲအောင် လိုအပ်သော အကြံပြုချက်များပေးပါသယ်"
ဦးစစ်တိုင်းအောင်
Suntac Technologies
Executive Director

ရည်မှန်းထား

အလယ်ကျွန်းဇုန်၊ ပင်လယ်ကမ်းခြေဇုန်တို့ကိုလည်း စတင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ကရှေ့ပြေးအနေနဲ့ စတင် ဆောင်ရွက်ပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့ဆန္ဒအတိုင်း သက်ဖြန်ပွဲတော် အမီဆောင်ရွက်ပြီး ကျန်တဲ့ဇုန်တွေကို ပြည်သူတွေထဲက ရင်းနှီးမြှုပ်နှံမယ့် ပြည်သူများကို ဖိတ်ခေါ်ဆောင်ရွက်ရန် ရည်မှန်းချက်ထားရှိပါတယ်။

မြန်မာ့အလင်းမေး-

ဘယ်နှစ်ကာလ အပိုင်းအခြားအတွင်း တည်ဆောက်မယ်လို့ သတ်မှတ်ရည်မှန်းပါသလဲ။

ညွှန်ကြားရေးမှူးချုပ်-

စတင် ဆောင်ရွက်တာ ကတော့ ဒီဇင်ဘာထဲမှာ စတင်ဆောင်ရွက်ပါတယ်၊ ဧပြီလ သက်ဖြန်မှာဖွင့်နိုင်အောင် သုံးလနှင့် ယခုမြင်ရတဲ့ အခြေအနေလုပ်ခဲ့ပါတယ်၊ ဒါပြီးပြည့်စုံတဲ့ အနေအထားတော့ မဟုတ်ပါဘူး။ အခြေခံတွေကို စဆောင်ရွက်တဲ့သဘောပါ။ သတ်မှတ်ထားတဲ့ ဇုန်တွေကိုလုပ်ဖို့ ရည်မှန်းတာကတော့ သုံးနှစ်နှင့် ဆောင်ရွက်နိုင်မယ်လို့ ရည်မှန်းပါတယ်။

မြန်မာ့အလင်းမေး-

ဒီနေရာမှာ ရေပြင်ကိုလည်း အပန်းဖြေရာမှာပါတော့ အပန်းဖြေသူတွေရဲ့ အစစ ကာကွယ်စောင့်ရှောက်ရေးကို ဘာတွေလုပ်ထားပါသလဲ။

ညွှန်ကြားရေးမှူးချုပ်-

ရေပြင်အနေနဲ့ ဆိုရင်တော့ ဧက လေးထောင်လောက်ရှိပါတယ်။ ရေပြင်မှာလည်း အစုအဖွဲ့လိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း သွားလာနိုင်ဖို့ စီစဉ်ထားရာ အဲဒီရေယာဉ်တိုင်းမှာ၊ အသက်ကယ်နိုင်တဲ့ အသက်ကယ်အင်္ကျီ ထည့်ထားပေးပါတယ်၊ လုံခြုံရေးအနေနှင့် လုံခြုံရေးအဖွဲ့ စီစဉ်ထားပါတယ်၊ ကင်းလှည့်ဖို့လည်းရှိပါတယ်။ နောက်ပြီးတော့ ဆည်ထဲမှာရေချိုးရတဲ့ နေရာမထားပါဘူး၊ ရေမချိုးရပါဘူး၊ ရေမချိုးရန်ဆိုင်းဘုတ်တွေထားပါတယ်၊ ရေချိုးလိုရင် စီစဉ်ထားတဲ့ ရေချိုးဆိပ်မှာ ချိုးလို့ရပါတယ်။ ငလိုက် အပန်းဖြေဥယျာဉ်စခန်းဟာ နေပြည်တော်နှင့်လည်း ဘယ်လောက်မှမဝေးဘူး၊ နေပြည်တော်နှင့် ၁၂မိုင်လောက်သာ ဝေးပါတယ်၊ ကားနဲ့လာမယ်ဆိုရင် နာရီဝက် အတွင်းရောက်တဲ့ နေရာဖြစ်ပါတယ်၊ နေပြည်တော်ဆိုတဲ့နေရာ ဖြစ်တာကြောင့် ဒီကိုပြည်တွင်းက ခရီးသွားများသာမက နိုင်ငံခြားကခရီးသွားတွေ၊ တာဝန်အရလာတဲ့ ခရီးသွားတွေလာမယ်၊ နိုင်ငံတကာကပုဂ္ဂိုလ်များ၊ တာဝန်အရလာမယ့် မစ်ရှင်အဖွဲ့များ လာဖို့ရှိပါတယ်၊ အဲဒီအဖွဲ့တွေအတွက်၊ ဒီနေရာဟာ နိုင်ငံတကာအဖွဲ့တွေအတွက်၊ စည်းဝေးခန်းတွေ ဆောင်ရွက်ပေးလိုက်မယ်ဆိုရင် ဒီမှာပဲ နိုင်ငံတကာအဆင့်မီ နှီးနှောဖလှယ်ပွဲ၊ အစည်းအဝေးတွေ လုပ်နိုင်မယ့်အနေအထားမျိုးလည်း ဖြစ်လာမယ်၊ နိုင်ငံတကာမှ လာရောက်လေ့လာမယ့် ခရီးသည်အဖွဲ့တွေ၊ ပတ်ဝန်းကျင် သဘာဝကို အလွယ်တကူ လေ့လာနိုင်တဲ့အနေအထားရှိပါတယ်၊ ဒီနေရာကို စနစ်တကျထူထောင်ပေးလိုက်မယ်ဆိုရင် သုံးနှစ်တာအတွင်း ထူထောင်လိုက်မယ်ဆိုရင် နိုင်ငံတကာအဆင့်မီ စခန်းကြီးဖြစ်လာနိုင်ပါတယ်။

မေး။ ။ ဒီအပန်းဖြေစခန်းကို လာရောက် အပန်းဖြေအနားယူမယ့် ပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းကို၊ ဘယ်လိုသတ်မှတ်ချက်နဲ့ ဝင်ရမယ်လို့သတ်မှတ်ပါသလဲ။

ဖြေ။ ။ အခုလောလောဆယ်တော့ စခန်းထဲဝင်ရင် ထိုက်သင့်တဲ့ဝင်ကြေးယူဖို့ ရှိပါတယ်။

ဆက်လက်၍ အဖွဲ့အတွင်းရေးမှူး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က ပြောကြားရာတွင် "လောလောဆယ်တော့ ဒီအပန်းဖြေစခန်းမှာ စားသောက် အပန်းဖြေဖို့ စားသောက်ဆိုင်ထားရှိပါတယ်၊ အလယ်ကျွန်းသွားဖို့ မော်တော်ဘုတ်များ လုပ်ထားပါတယ်၊ ကျွန်းပေါ်မှာ ဒေသနဲ့ လိုက်လျောညီထွေဖြစ်ပြီးတော့၊ ဒေသစာ အစားအသောက်များ စားနိုင်အောင် စီစဉ်ထားပါတယ်၊ လောလောဆယ်မှာတော့ တိုတောင်းတဲ့ ကာလမှာ လုပ်ထားရတဲ့ လုပ်ငန်းတွေကို မိုးတွင်းကာလမှာလည်း မပျက်စီးအောင် ဆက်ပြီး လုပ်ကိုင် နိုင်အောင်၊ သန့်ရှင်းရေးလည်းရှိအောင် သက်ဖြန်တွင်းမှာလာတဲ့ ပြည်သူလူထုအင်အား ကိုကြည့်ပြီးတော့ ထပ်မံလိုအပ်တာတွေကို မိုးတွင်းကာလမှာ အရှိန်မပျက်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ လောလောဆယ်မှာ စက်လှေကြီးနှစ်စင်းတွဲပြီးထားတဲ့မောင်ကြီး၊ အမိုးနှင့် စက်လှေမော်တော်များ၊ စက်လှေ ကပ်မည့် ဆိပ်ကမ်းတွေ၊ ကားရပ်ရန်နေရာ တို့ကို ဒီထက်ပြည့်စုံအောင် လုပ်ထားပါမယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ညွှန်ကြားရေးမှူးချုပ်-

ကျွန်တော်ဖြည့်စွက်ပြောချင်တာက ဒီစခန်းကိုထူထောင်မယ်ဆိုရင်တော့ နိုင်ငံတော်အကြီးအကဲလမ်းညွှန်တာက ပြည်တွင်းက လုပ်ငန်းရှင်တွေဖိတ်ခေါ်ဖို့ လမ်းညွှန်ထားပါတယ်။ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေကို ဒီထူထောင်တဲ့နေရာမှာ ပါဝင်ပါစေ၊ မနစ်နာပါစေနှင့်၊ တစ်ဖက်က တို့ရည်ရွယ်ချက်မြောက်ပါစေ၊ ပထမသုံးနှစ်လောက် ဘာမှမယူပါနှင့်၊ သူတို့ထူထောင်ပါစေ၊ ထူထောင်ရေးကာလလို့ သတ်မှတ်ပေးလိုက်ပါ။ အဲဒါရဲ့ နောက်ပိုင်းကျရင်တော့ ထိုက်သင့်တဲ့ အခကြေးငွေတွေ၊ မြေငှားရမ်းခစသည်တို့ကို မြတ်တဲ့အပေါ် အမှီပြုပြီး ယူရတာပေါ့။ ထူထောင်ရေး ကာလကို ငါးနှစ်လောက်ထားလိုက်၊ အနှစ် ၂၀လောက်ကို လုပ်ငန်းကာလ သတ်မှတ်ပေးမယ် ထပ်တိုးလိုရင် ငါးနှစ်တစ်ခါ၊ ငါးနှစ်တစ်ခါနှင့် နှစ်၃၀ လောက်အထိပေး တာပေါ့၊ အဓိကကတော့ ပြည်တွင်းရင်းနှီးမြှုပ်နှံမယ့်ပုဂ္ဂိုလ်တွေ ဖိတ်ခေါ်ဖို့လိုပါတယ်လို့ လမ်းညွှန်ပါတယ်။ ဒါကြောင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမယ့် လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ဖို့ရှိပါတယ်။ ဖိတ်ခေါ်ချက် အရ လာမယ်လို့လည်း မျှော်မှန်းထားပါတယ်။"

အကြံပေး

ငှင်းနောက် Suntac ကုမ္ပဏီမှ နည်းပညာအကြံပေးပုဂ္ဂိုလ် ဦးစစ်တိုင်းအောင်အား မေးမြန်း၍ ပြောကြားရာတွင် "မိမိအနေဖြင့် အပန်းဖြေအနားယူစခန်းနှင့် ပတ်သက်၍ လုပ်ငန်းအတွက် လိုအပ်ချက်များကို အကြံပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနက မေးမြန်းသောလုပ်ငန်းနှင့် ပတ်သက်သော အကြံဉာဏ်များပေးနေပါကြောင်း၊ စီမံချက်တွင် ပါဝင်သောလုပ်ငန်းများကို အကြံပြုပါကြောင်း၊ လုပ်ငန်းအချိန်မီပြီးစီးရေးကို အကြံပြုပါကြောင်း၊ အဓိကတော့ ရေရှည်တည်တံ့ခိုင်မြဲအောင် လိုအပ်သော အကြံပြုချက်များပါကြောင်း အပန်းဖြေသူများ လိုက်နာသင့်သောအချက်များကို အကြံပေးပါကြောင်း အမှိုက်စွန့်ပစ်သည် ကအစ အကြံပေး ဆောင်ရွက်နေကြောင်း။

အပန်းဖြေလာရောက်သော ဧည့်သည်များ စားသောက်ရေး၊ တည်းခိုနေထိုင်ရေး အတွက် လောလောဆယ်တည်းခိုအခန်း ရှစ်ခန်းရှိပြီး မကြာမီ ၁၀ခန်းထားပေးမည် ဖြစ်၍ အားလုံးဝခန်း စီစဉ်ထားကြောင်း၊ လောလောဆယ် Suntac ကုမ္ပဏီက ဆောင်ရွက်ပေးနေပါကြောင်း"ဖြင့် ရှင်းပြသည်။

ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်းမှ ငလိုက်တမံအလယ်ကျွန်းသို့ ပဲ့ချိတ်စက်တပ်မော်တော်ဖြင့် ကူးသွားပြီးနောက် တစ်နေ့တာ မိသားစုနေထိုင်၍ မိမိတို့ အစီအစဉ်ဖြင့် ချက်ပြုတ်စားသောက်ကာ နားနားနေနေ အပန်းဖြေနိုင်ရန် အိမ်ကလေး တစ်လုံး ငှားရမ်းအသုံးပြုနိုင်ရန် စီစဉ်ထားသည်ကို တွေ့ရှိရသည်။ ငှင်းအိမ်ကလေးတွင် ချက်ပြုတ်စားသောက်နိုင်ရန် မီးဖို၊ လက်ဆေးကန်၊ သန့်စင်ခန်းမှအစ ထားရှိပေးမည် ဖြစ်သည်ဟု သိရသည်။

ထပ်ဆင့်ထွန်းညှိ

အလယ်ကျွန်းတွင် ချက်ပြုတ်စားသောက်နိုင်ရန် လျှပ်စစ်မီးဖိုထားပေးမည်

ပျော်ရွှင်စွာဆော့ကစားနိုင်ရန် ရေလွှာလျှောစီးကို တည်ဆောက်ပေးထားသည်။

ဖြစ်ပြီး၊ လျှပ်စစ်ဓာတ်အားကို လေရဟတ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်ရန် စီစဉ်ထားပြီး Solar System နေရောင်ခြည် စွမ်းအင်ဖြင့် လျှပ်စစ်မီးထွန်းနိုင်သော မီးလုံးကလေးများကိုလည်း တပ်ဆင်ထွန်းညှိပေးထားမည် ဖြစ်သည်။ ငလိုက် ရေလှောင်တမံ၏ အလယ်ကျွန်းတွင် အပန်းဖြေ အနားယူသူများ၊ မိသားစုအလိုက် အနားယူသူများ အတွက် မြန်မာ့ရိုးရာသက်ငယ်၊ ဝါးတို့ဖြင့် ဆောက်လုပ်ထားသည့် တဲအိမ်လေးများကိုလည်း ဆောက်လုပ်ပေးထားသည်။ ရိုးရာ ဒေသစာ အစားအစာများဖြစ်သော လတ်လတ်ဆတ်ဆတ် ဘူးသီးကြော်၊ ငါးကြော်၊ အသီးအရွက်ကြော်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးမည်ဟု သိရသည်။

သက်သေပြု

အပန်းဖြေစခန်းတွင် ရေလွှာလျှောစီးနိုင်ရန် စီစဉ်ထားပြီး ရေချိုးဆိပ်များလည်း ပြုလုပ်ထားရှိပေးထားရာ ရွှေစက်တော်ဘုရားပွဲတော် မန်းချောင်းတွင် ရေချိုးရသကဲ့သို့ ငလိုက်ရေလှောင်တမံမှ ထုတ်လွှတ်ပေးထားသည့် ကြည်လင်အေးမြသော တသွင်သွင် စီးဆင်းနေသည့် ရေကြည်ချောင်းတွင် ရေချိုးအပန်းဖြေနိုင်မည်ဖြစ်သည်။

အကျိုးပြု

ရေချိုးဆိပ်မှ ဆက်လက် စီးဆင်းသွားမည့် ရေများသည် မိုးစပါးဧက ၂၀၀၀၀နှင့် နွေစပါးဧက၁၀၀၀၀စုစုပေါင်း လယ်မြေဧက၃၀၀၀၀ စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေများဖြစ်လာသည့် အတွက် ငလိုက် ရေလှောင်တမံသည် ပြည်သူများ အပန်းဖြေနိုင်ရေးနှင့် ပြည်သူများစားသုံးရန် စိုက်ပျိုးရေးအတွက်ပါ အကျိုးပြုသည့် ပြည်သူအကျိုးပြု ရေလှောင်တမံကြီး ဖြစ်နေကြောင်းကို နေပြည်တော် ပျဉ်းမနား တောတောင် သဘာဝ ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်းက သက်သေပြနေပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားတင်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ပဲ့ချိတ်စက်တပ်မော်တော်ဘုတ်လေးများဖြင့် ရေလယ်ကျွန်းနှင့် တမံအတွင်း ဤသို့လှည့်ပတ်ကြည့်ရှုနိုင်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေမြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန်စီမံကိန်းတာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

ရန်ကုန် ဧပြီ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အမှတ်(၂) လှုပ်စစ်စွမ်းအားနှင့်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့နှင့်အတူ ယမန်နေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ မြောင်းတကာသံမဏိသံရည်ကျိုစက်မှုဇုန် စီမံခန့်ခွဲရေးရုံး၌ စက်မှုစုန်စီမံကိန်းမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုကြီးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂန့်ဂေါဗြိုနယ် နှမ်းခါးကျေးရွာ သာသနပါလကျောင်းတိုက်အတွင်း၌ ကျေးရွာ ၁၇ရွာတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နွှတ်ဆက်စဉ်။ (သတင်းစဉ်)

ကမ္ဘာ့နိုင်ငံအချို့ တည်ငြိမ်မှုပျက်ပြားသဖြင့် နေ့စဉ် လူမှုဒုက္ခနှင့် ရင်ဆိုင်နေရ ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းမှု ဆက်လက်ထိန်းသိမ်းရန် အရေးကြီး

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုကြီးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂန့်ဂေါဗြိုနယ် ဟံသာဝတီကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲရှေ့ရှိ ယာယီမဏ္ဍပ်၌ ကျေးရွာ ခြောက်ရွာတို့မှ ဒေသခံ ပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂန့်ဂေါဗြိုနယ် နှမ်းခါးကျေးရွာ သာသနပါလကျောင်းတိုက်အတွင်း ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တက်ရောက်

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ကန်ရွာ အခြေခံပညာ အထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကန်၊ ရှဉ်းရှည်၊ ကန်သာ၊ ကျွန်းခုံသာ၊ ဘော်ပြင်း၊ ရေရှင်မ၊ တောင်ယာပြင်၊ ရွှေတောင်၊ သာကောင်း၊ ချောင်းဆုံ၊ လက်ပန်၊ ကျဲနန်း၊ တောင်လယ်၊ ထယ်လှော်၊ မောက်၊ မြင်းစာ၊ ကျော်၊ မောက်လင်း စသည့် ကျေးရွာ ၁၈ရွာတို့မှ ဒေသခံပြည်သူ ၄၅၀၀ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားကြသည်။

ပေးအပ်လွှဲဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူးက ကန့်ကျေးရွာ တိုက်နယ်ဆေးရုံ မြစ်သာမြစ် ရေတိုက်စားမှုမှ ကာကွယ်ရေး ဆောင်ရွက်ရန်အတွက် ငွေကျပ် သုံးသိန်းကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးပစ္စည်းများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လွှဲဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မှန်းတည့် ၁၂နာရီတွင် ဂန့်ဂေါဗြိုနယ် နှမ်းခါးကျေးရွာ သာသနပါလကျောင်း တိုက်သို့ ရောက်ရှိပြီး ဆရာတော် သာသနဓဇမျှောစရိယ ဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုး၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် သာသနပါလ ကျောင်းတိုက်အတွင်း ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအဆစ်းအနားသို့ တက်ရောက်သည်။

ယင်းတွေ့ဆုံပွဲသို့ နှမ်းခါး၊ မွေ့လယ်၊ ရဲလှ၊ ချောင်းကောက်၊ သာစည်၊ မိုးစီး၊ ရွာသစ်၊ ရှေ့ငှက်၊ ချောင်းခွ၊ တော်ဝင်၊ ရွာမ၊ တောင်ခင်ရန်း၊ ရွှေဘို၊ သင်တော၊ မြင်သာ၊ ကုန်းရွာ၊ သာလင်း စသည့် ကျေးရွာ ၁၇ရွာမှ ဒေသခံပြည်သူ ၃၃၀၀ ကျော် တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ၌ ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

စာအုပ်စာစောင်လှူဒါန်း

ထို့နောက် ချောင်းကောက်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ဆောင်အတွက် ငွေကျပ် လေးသိန်းကို လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးပစ္စည်းများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လည်းကောင်း ဗဟိုအတွင်းရေးမှူးက ပေးအပ်လွှဲဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၃နာရီတွင် ဟံသာဝတီကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ရှေ့ရှိ ယာယီမဏ္ဍပ်၌ ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယင်းတွေ့ဆုံပွဲသို့ ဟံသာဝတီ၊ ကုက္ကား၊ မြောက်ခင်ရန်း၊ လယ်ကြီး၀ဝ်၀၊ ဓနိုးမြို့ စသည့် ကျေးရွာများမှ ဒေသခံပြည်သူ ၃၀၀၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ယင်းနောက်ဗဟိုအတွင်းရေးမှူးက ပညာရေးဆိုင်ရာလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အလွှဲငွေအဖြစ် ဟံသာဝတီ အခြေခံပညာအလယ်တန်း ကျောင်းခွဲအတွက် ငွေကျပ် နှစ်သိန်း၊ ကုက္ကားကျေးရွာခွဲ ဘုတာရုံဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးကုန် ပစ္စည်းများကို လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း၊ ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လွှဲဒါန်းသည်။

တိုက်တွန်းနှံ့ကြား

ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲများ၌ ပြည်ထောင်စုကြီးနိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးလျက်ရှိကြောင်း၊ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများကို အထူးအလေးပေး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူလယ်သမားများအတွက် ဆည်၊ တာတမံ၊ မြစ်ရေတစ် စီမံကိန်းများနှင့် ခြေအောက်ရေရရှိရေးစီမံကိန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ကျေးလက်နေ ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်ကိုလည်း အထူး အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြည်သူများ အသိပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက် ဆက်လက် ဖြစ်ထွန်းရန် အထူးကတည်ငြိမ်အေးချမ်းမှုရှိရန် အလွန်အရေးကြီးကြောင်း၊ ယနေ့ ကမ္ဘာ့နိုင်ငံအချို့တွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားသဖြင့် နေ့စဉ် လူမှုဒုက္ခ အဝဝနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်ကို ရင်နာဖွယ် တွေ့ကြရမှာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူများ အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းသွားကြရန် အလွန်အရေးကြီးကြောင်း၊ ဤနေရာတွင် ပြည်သူများအနေဖြင့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ မဟုတ်မမှန် သွေးထိုးလှုံ့ဆော်မှုများကို နားမယောင်မိစေဘဲ မိမိတို့နိုင်ငံ၏ ပကတိ အရှိတရားနဲ့ ချိန်ထိုး၍ မှန်မှန်ကန်ကန် စဉ်းစား ဆုံးဖြတ်တတ်ရန် လိုအပ်ကြောင်း၊ မကြာမီ ပြည်သူတစ်ရပ်လုံး တစ်ခဲနက် ထောက်ခံအတည်ပြုကြရမည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူများအတွက် အပြည့်အဝ အာမခံချက် ပေးထားကြောင်း၊ မိမိတို့နိုင်ငံ၏ ပကတိ အရှိတရားပေါ် အခြေခံ၍ ပြည်သူတစ်ရပ်လုံးအတွက် အသင့်တော်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ညှိနှိုင်းရေးဆွဲထားကြခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသူတိုင်း၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသူတိုင်း ထောက်ခံအတည်ပြုကြမည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် မဲရုံသို့ သွားရောက်၍ ဆန္ဒမဲပေးကြရေး တိုက်တွန်း ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တွေ့ဆုံပွဲများအပြီးတွင် တက်ရောက်လာကြသည့် ဒေသခံ ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံ နွှတ်ဆက်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးသည် ဂန့်ဂေါဗြိုမှတွင် ဆောက်လုပ်နေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစိုးရ နည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဗဟိုအတွင်းရေးမှူးက အဆောက်အအုံများအား သတ်မှတ်အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြု၍ ဆောက်လုပ်ရေးကို အထူးဂရုပြု စီစစ်ဆောင်ရွက်ရန် မှာကြားပြီး ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်များကို လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဆုံးဖြတ်ချက်(၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၁)ရပ်ချမှတ်

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ၂၈ရက်၊ ၂၉ရက်နှင့် ယနေ့တို့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ဆုံးဖြတ်ချက်(၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၁၁)ရပ်တို့ကို ချမှတ်သည်။

ဆုံးဖြတ်ချက်(၃)ရပ်မှာ-

၁။ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်ချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ၍ လိုက်နာဆောင်ရွက်ရန်။

၂။ **''ရာသီဥတုပြောင်းလဲမှု၊ ကျန်းမာရေးအတွက် သတိပြု''** ဆောင်ပုဒ်နှင့်အညီ ရာသီဥတု ပြောင်းလဲမှုကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်တတ်သော ကျန်းမာရေးပြဿနာကို ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူလူထု အတွင်း အသိပညာဗဟုသုတ ပိုမိုတိုးမြှင့်လာစေရေး ဆောင်ရွက်ကြရန်။

၃။ အသင်းကြီး၏လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ဦးတည်ချက်တူညီသော ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး တက်ကြွစွာ လှုပ်ရှား ဆောင်ရွက်ရန် တို့ဖြစ်သည်။

ရှေ့လုပ်ငန်းစဉ်(၁၁)ရပ်မှာ-

၁။ မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းရေးကိုဦးတည်လျက် ကိုယ်ဝန်ဆောင်မိခင်တိုင်း ကိုယ်ဝန် စောင့်ရှောက်မှု ခံယူကြစေရေး၊ အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်များအား အချိန်မီလွှဲပြောင်းပေးနိုင်ရေးနှင့် ကျွမ်းကျင်သူများနှင့် မွေးဖွားနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်း၍ စည်းရုံးပညာပေး ကူညီဆောင်ရွက်ရန် (ကျေးလက်ဒေသများနှင့် မြို့ပေါ်ဆင်ခြေဖုံးရပ်ကွက်များတွင် အထူးအလေးထားဆောင်ရွက်ရန်)

၂။ ဒေသခံ အရန်သားဖွားဆရာမများ၊ ဆက်လက်မွေးထုတ်ပေးရန်နှင့် စဉ်ဆက်မပြတ် အရည်အသွေးမြှင့်တင် ပေးရန်။

၃။ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငှက်ဖျား၊ တီဘီ၊ HIV/AIDS ရောဂါကာကွယ်ရေးလုပ်ငန်းများအပြင် ရာသီအလိုက်နှင့် လတ်တလောဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်ရေးနှင့် အကယ်၍ ဖြစ်ပွားလာပါက မိခင်နှင့်ကလေးအသင်းဝင်များမှ သိလျှင်သိချင်း နီးရာ ကျန်းမာရေးဌာနသို့ အလျင်အမြန် သတင်းပို့ရန်။

၄။ မိသားစုကျန်းမာရေးအတွက် အာဟာရအသိပညာတိုးမြှင့်စေရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်စွာ ချက်ပြုတ် စားသောက်တတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။

၅။ မိသားစုပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေး၊ သုံးစွဲရေးနှင့် ယင်လုံ အိမ်သာ ရာနှုန်းပြည့်အသုံးပြုရေး ကြိုးပမ်းဆောင်ရွက်ရန်။

၆။ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းတွင် မိသားစုများအား ဆေးဖက်ဝင် သောအပင်များ စိုက်ပျိုးစေခြင်းနှင့် တိုင်းရင်းဆေးပညာသင်တန်းများကို တက်ရောက်သင်ယူစေရန်။

၇။ ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ကလေးများအတွက် ကျန်းမာသော ပတ်ဝန်းကျင် ဖန်တီးပေးရန်နှင့် အမိုက်ကင်းစင်သောကျောင်းများ သတ်မှတ်နိုင်ရေးဆောင်ရွက်ပေးရန်၊ သွေးလွန်တုပ်ကွေး ကာကွယ်နိုင်ရန် Aedes Free School များ သတ်မှတ်ဆောင်ရွက်ရန်၊ ကျောင်းများကို ဆေးလိပ်ကင်းစင်နယ်မြေ သတ်မှတ်ဆောင်ရွက်ရန်။

၈။ အနာဂတ်အတွက် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးမှုရရှိစေရန် မူလတန်းကြိုကျောင်းများ တိုးမြှင့်ဖွင့်လှစ် ဆောင်ရွက်ပေးရန်နှင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ခွင့်ရရှိပြီး မူလတန်းပညာ ပြီးမြောက်အောင် သင်ကြားခွင့်ရရှိစေရေးနှင့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအတွက်လည်း ကူညီပံ့ပိုးရန်။

၉။ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်။

၁၀။ မိသားစု ဝင်ငွေတိုးပွားစေရန် အသေးစားချေးငွေလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာ သင်တန်းများဖွင့်လှစ်ခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ရန်။

၁၁။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးများ ဆက်လက်ဖော်ထုတ်ဆောင်ရွက်၍ လက်ရှိ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်အဟုန်မြှင့်၍ ဆောင်ရွက်ရန်နှင့် ဆယ်အိမ်စုမှူးများမှ မိမိနေရပ်အတွင်း ဖွား/သေ စာရင်းများကို နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းပို့ခြင်း ကူညီဆောင်ရွက်ရန်တို့ဖြစ်သည်။ **(သတင်းစဉ်)**

သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် နိဂုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● ***ကျောဖုံးမှ***

အဆိုပါ နှစ်ပတ်လည် အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်း မြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ် အမှုဆောင်များ၊ ဗဟိုကောင်စီဝင် များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက် ကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း ၂၀၀၇ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ပထမရရှိသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နှစ်ပတ်လည် အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ဆောင်ရွက် ပြီး အခမ်းအနားမှူးအဖြစ် အတွင်း ရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ဆောင်ရွက်သည်။

အကြံပြု

ယင်းနောက် နှစ်ပတ်လည်အစည်း အဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကောင်စီဝင်များက ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏ နှစ်ချုပ်အစီ ရင်ခံစာများ၊ ဖတ်ကြားတင်သွင်းသည့် စာတမ်းများနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင် ရွက်ချက်များဖြစ်သည့် ဖွဲ့စည်းပုံ အင်အား၊ ကျန်းမာရေးလုပ်ငန်းများ၊ သားဖွားလုပ်ငန်းများ၊ မျိုးဆက်ပွား ကျန်းမာရေး လုပ်ငန်းများ၊ HIV/ AIDSဆောင်ရွက်ချက်များ၊ အာဟာရ လုပ်ငန်း ဆောင်ရွက်ချက်များ၊ အမျိုး သမီး မျိုးပွားအင်္ဂါများဆိုင်ရာ ဆောင် ရွက်ချက်များ၊ တီဘီရောဂါ၊ အနာကြီး ရောဂါနှင့် ငှက်ဖျားရောဂါ တိုက်ဖျက် ရေး ဆောင်ရွက်ချက်များ၊ စိတ် ကျန်းမာရေး ဆောင်ရွက်ချက်များ၊ ဆေးလိပ်မသောက်သုံးရေးလုပ်ငန်းဆောင် ရွက်ချက်များ၊ ရေကောင်းရေသန့်နှင့် ယင်လုံအိမ်သာသုံးစွဲရေး ဆောင်ရွက် ချက်များ၊ တိုင်းရင်းဆေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ ကျောင်းတွင်း ပညာရေး ဆောင်ရွက်ချက်များ၊ ကျောင်း ပြင်ပပညာရေး ဆောင်ရွက် ချက်များ၊ စီးပွားရေးဆိုင်ရာ ဆောင် ရွက်ချက်များ၊အသက်မွေးဝမ်းကျောင်း အတတ်ပညာ ဆောင်ရွက်ချက်များ၊ လူမှုရေးဆိုင်ရာစောင့်ရှောက်မှု ဆောင် ရွက်ချက်များ၊ ဇယားနှင့်အဓိပ္ပာယ် ရှင်းလင်းချက်များ စာအုပ်နှင့်စပ်လျဉ်း၍ တက်ရောက်လာကြသည့်ဗဟိုကောင်စီ ဝင်များက အကြံပြု ညှိနှိုင်းဆွေးနွေး တင်ပြကြရာ အကြံပြုတင်ပြချက်များ အပေါ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က ရှင်းလင်း ဆွေးနွေးပြီး သဘာပတိ မြန်မာနိုင်ငံ

အမျိုးသားကျန်းမာရေးကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၇ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ဒုတိယရရှိသော မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ပြန်လည် သုံးသပ်ဆွေးနွေးကာ အတည်ပြု၍ နှစ်ပတ်လည် အစည်းအဝေးကို နံနက် ၁၀နာရီခွဲတွင် ခေတ္တရပ်နားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် နံနက် ၁၁နာရီတွင် နှစ်ပတ်လည်အစည်းအဝေးကိုပြန်လည် ကျင်းပရာ တက်ရောက်လာကြသည့် ဗဟိုကောင်စီဝင်များက ရှေ့လုပ်ငန်း စဉ်များ ချမှတ်နိုင်ရန် ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ မိခင်နှင့်ကလေး များ၊ မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် သဘာပတိက နှစ်ပတ် လည် အစီရင်ခံစာများ၊ စာတမ်းများ၊ အထွေထွေအကြံပြု ဆွေးနွေးချက်များ အပေါ် သုံးသပ်ဆွေးနွေးပြီး အသင်း ကြီး၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားသည်။

အတည်ပြု

ဆက်လက်၍ နှစ်ပတ်လည်အစည်း အဝေးသို့ တက်ရောက်လာကြသူများ က အစည်းအဝေးဆုံးဖြတ်ချက်(၃)ရပ် နှင့် ရှေ့လုပ်ငန်းစဉ် (၁၁)ရပ်တို့ကို အကြံပြုဆွေးနွေးတင်ပြကြရာ သဘာ ပတိက အစည်းအဝေး၏ သဘော တူညီချက်ရယူ၍ ချမှတ်အတည်ပြု သည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက နိဂုံးချုပ် အမှာစကားပြောကြားကာ မွန်းတည့် ၁၂နာရီတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ် မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အဆိုပါနှစ်ပတ်လည်အစည်းအဝေး တွင် အစည်းအဝေးဆုံးဖြတ်ချက်(၃)ရပ် နှင့် ရှေ့လုပ်ငန်းစဉ်(၁၁)ရပ်တို့ကို ချမှတ်ကြောင်း သိရှိရသည်။

ညပိုင်းတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက မြန်မာ နိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ် လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ ဆောင်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊အမျိုးသားကျန်းမာရေး ကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ် အမှုဆောင်များနှင့် ဗဟိုကောင်စီဝင် များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ နှင့် တွဲဖက်အတွင်းရေးမှူးများ၊ လူမှု ရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူ များနှင့် ဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်ထံ မြန်မာ နိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ယင်းနောက် ၂၀၀၇ခုနှစ်အတွက် လှုပ်ရှားမှု ထူးချွန်ဆုရရှိကြသော တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များအား ဆုများ ချီးမြှင့်ရာ အမျိုးသားကျန်းမာရေး ကော်မတီဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပထမ ဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ မန္တလေးတိုင်း၊ တတိယဆုရ ပဲခူးတိုင်း (အရှေ့ပိုင်း)၊အထူးဆုများရရှိကြသော ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့ အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍၂၀၀၇ခုနှစ်အတွက် လှုပ်ရှားမှု ထူးချွန်ဆုရရှိကြသော ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့များအား ဆုများ ချီးမြှင့်ရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ပထမဆုရ ရှမ်း ပြည်နယ်(အရှေ့ပိုင်း)၊ ဒုတိယဆုရ မွန် ပြည်နယ်၊ တတိယဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ အထူးဆုများ ရရှိကြ သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက်အကောင်းဆုံးစာတမ်းဆု ရရှိကြသော ပြည်နယ်နှင့်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့များအား ဆုများချီးမြှင့်ရာ မြန်မာ နိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က ပထမဆုရ ဧရာ ဝတီတိုင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တတိယဆုရမကွေးတိုင်း၊ အထူးဆုများရရှိကြသော ရန်ကုန်တိုင်း နှင့် စစ်ကိုင်းတိုင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဂုဏ်ပြု ဆုရပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ များဖြစ်ကြသည့် ရခိုင်ပြည်နယ်၊ ချင်း ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယား ပြည်နယ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ညစာတည်ခင်း

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဂုဏ်ပြုညစာစားပွဲ၌ ဧည့်ခံဖျော်ဖြေတင်ဆက်သော မြန်မာ့ အသံ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေ များ ပေးအပ်ချီးမြှင့်ပြီး ဧည့်သည် တော်များအား ညစာဖြင့် တည်ခင်း ဧည့်ခံသည်။ **(သတင်းစဉ်)**

ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ထူးခြားချက်များ

စိုင်းသိန်း

ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လက်ရှိအခြေအနေတွင် ဒီမိုကရေစီ နည်းလမ်းတကျဖြင့် တိုင်းရင်းသားတို့၏ အခွင့်အရေးမှန်သမျှကို ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရပါသည်။

မကြာမီ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ယခင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထက်ရော၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထက်ပါ နိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို အဆများစွာ ပိုမိုဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

အကြမ်းဖျင်းအားဖြင့် ထင်သာမြင်သာအောင်တင်ပြရလျှင် **အချုပ်အခြာအာဏာ၏ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး အခွင့်အာဏာများကိုတိုင်းရင်းသား လူမျိုးစုငယ်များအထိ ခွဲဝေအပ်နှင်းထား**ပါသည်။ **ဗဟို၌ပြည်ထောင်စု တစ်ခုလုံး၏ အခွင့်အာဏာကို အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော် နှစ်ရပ်ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်က တာဝန်ယူကျင့်သုံးမည်** ဖြစ်သည်။

အမျိုးသားလွှတ်တော်ကို တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇)ခုမှ အရေအတွက် ဆတူကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုလည်း မဲဆန္ဒနယ်အလိုက် ပြည်သူလူထုကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည် ဖြစ်သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟု ဆိုရာ၌လည်း မြန်မာနိုင်ငံ မြို့နယ်အနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးများ ပျံ့နှံ့နေထိုင်လျက်ရှိကြသဖြင့် မဲဆန္ဒနယ်အလိုက် မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ်များပင် ဖြစ်မည်ဖြစ်ရာ တိုင်းရင်းသား ကိုယ်စားလှယ်များလည်း ပါဝင်လာမည်သာဖြစ်သည်။

ကျွန်တော်တို့နေထိုင်သည့် ရှမ်းပြည်နယ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့ ရှိလာမည်ဖြစ်သည်။ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသလေးခု ပေးထားပြီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများအနေဖြင့် ရှမ်းပြည်နယ် လွှတ်တော်တွင် ပါဝင်ခွင့်ရရှိကြမည်ဖြစ်သလို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များတွင်လည်း ပါဝင်ဆောင်ရွက်ခွင့် ရရှိကြမည်ဖြစ်သည်။

ထို့ကြောင့် ဥပဒေပြုရေးအခွင့်အာဏာကို ဗဟိုမှ တာဝန်ယူကျင့်သုံးမည့် လွှတ်တော်အသီးသီးသည် တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကို တန်းတူညီမျှ လမ်းဖွင့်ပေးထားကြောင်း တွေ့ရှိနိုင်သည်။ ထို့အတူ တိုင်းဒေသကြီး လွှတ်တော်များနှင့် ပြည်နယ်လွှတ်တော်များကို လည်း ဖွဲ့စည်းပြီး ဒေသအလိုက် ဥပဒေပြုခွင့်အာဏာ ကျင့်သုံးခွင့် ရရှိဦးမည်ဖြစ်သည်။

ယခင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်၊ ၎င်းလွှတ်တော် နှစ်ရပ်ပေါင်းထားသော ပါလီမန်နှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်ကောင်စီတို့တွင်သာ ဥပဒေပြုခွင့်ရရှိခဲ့သည်။ ထိုစဉ်ကချင်း ဝိသေသတိုင်းဟူ၍သာ ဖွဲ့စည်းထားရှိခဲ့ပြီး ၎င်း၌ ဥပဒေပြုရေး အခွင့်အာဏာမရှိခဲ့ပေ။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်(၇)ခု ဖြစ်တည်လာခဲ့သော်လည်း ထိုပြည်နယ်များတွင် ဥပဒေပြုရေး အခွင့်အာဏာ ကျင့်သုံးနိုင်သည့် လွှတ်တော်များ မရှိခဲ့ပေ။ ဤမျှ နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း မည်သူကိုသာစေ၊ မည်သူကို နာစေ ဟူသည့် သဘောထားမရှိဘဲ အဆင့်အတန်း၊ အခွင့်အလမ်းတူ ဖော်ဆောင်ခွင့်ကို ယခုဖွဲ့စည်းပုံ အခြေခံဥပဒေသစ်က အပ်နှင်းထားကြောင်း တွေ့ရှိရမည် ဖြစ်သည်။

ထို့ထက်ပို၍ ပေးထားသည့် အခွင့်အရေးမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု ဖွဲ့စည်းခွင့်ပေးထားခြင်း ဖြစ်သည်။ အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများကိုလည်း ဥပဒေပြုခွင့်အာဏာများ ခွဲဝေအပ်နှင်းထားသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသည့် တိုင်းရင်းသားလူမျိုးစုငယ်များအတွက်လည်း အနည်းဆုံး လူဦးရေတစ်သောင်းရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများတွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ပြီး ဥပဒေပြုခွင့်နှင့် အုပ်ချုပ်ခွင့်များရရှိအောင် ဥပဒေပြဋ္ဌာန်းပေးထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

ထိုမျှမက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများမရရှိသည့် လူဦးရေနည်းသော တိုင်းရင်းသားများအနေဖြင့်လည်း ၎င်းတို့၏လူဦးရေသည် တစ်နိုင်ငံလုံး၏ ၀ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များတွင် ကိုယ်စားလှယ် ပါဝင်ခွင့်ရရှိပြီး ဥပဒေပြုနိုင်ကြမည်ဖြစ်သည်။ အလားတူ ၎င်းကိုယ်စားလှယ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင်လည်း တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရရှိကြမည်ဖြစ်သည်။

အုပ်ချုပ်ရေးအာဏာ ခွဲဝေကျင့်သုံးမှုကိုကြည့်ပါက ဗဟိုတွင် ပြည်ထောင်စုအစိုးရအဖွဲ့ တည်ရှိမည်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတကို ရွေးချယ်တင်မြှောက်ရာ၌လည်း မည်သည့်လူမျိုးကို ရွေးချယ်တင်မြှောက်ရမည်ဟု ကန့်သတ်ထားခြင်းမရှိပေ၊ ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ သုံးဖွဲ့က မိမိတို့လိုလားနှစ်သက်သူတစ်ဦးကို သမ္မတလောင်းများအဖြစ် ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။

သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့သုံးဖွဲ့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များပါဝင်သော အစုအဖွဲ့၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပါဝင်သောအစုအဖွဲ့နှင့် တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များပါဝင်သော အစုအဖွဲ့ဟူ၍ ဖွဲ့စည်းပြီး အစုအဖွဲ့အလိုက် ဒုတိယသမ္မတတစ်ဦးစီ ရွေးချယ်သွားရမည်ဖြစ်သည်။

အဆိုပါ သမ္မတရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့သုံးဖွဲ့က ရွေးချယ်တင်မြှောက်သော ဒုတိယသမ္မတ သုံးဦးအနက်မှ တစ်ဦးကို ပြည်ထောင်စုလွှတ်တော်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။ အရွေးချယ်မခံရသူ ဒုတိယသမ္မတနှစ်ဦးသည် ဒုတိယသမ္မတများအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများထဲမှပင် လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်သည့် ပုဂ္ဂိုလ်သာဖြစ်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ရွေးချယ်တင်မြှောက်ရာ၌ပင် ပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ ကင်းရှင်းအောင် ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိနိုင်သည်။

အုပ်ချုပ်ရေးအခွင့်အာဏာကို ပြည်ထောင်စုအစိုးရအဖွဲ့အား အပ်နှင်းထားသကဲ့သို့ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် အုပ်ချုပ်ရေးအခွင့်အာဏာ ကျင့်သုံးနိုင်သည့် အစိုးရအဖွဲ့အသီးသီးကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ဖွဲ့စည်းပြီး အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလည်းကောင်း တာဝန်ပေး ခန့်အပ်ရာတွင် မည်သည့်တိုင်းရင်းသား လူမျိုးဖြစ်ရမည်ဟူသော ကန့်သတ်ချက်မရှိပေ။ ထို့ကြောင့် သတ်မှတ်ထားသော လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံသားတိုင်း (တိုင်းရင်းသားတိုင်း)ဝန်ကြီး၊ ဒုတိယဝန်ကြီး ဖြစ်နိုင်ခွင့်ရှိသည်။ တရားစီရင်ရေးအာဏာ အပ်နှင်းရာ၌လည်း အဆိုပါ သဘောထားများအတိုင်းပင် ဖြစ်ပါသည်။

ပွင့်ပွင့်လင်းလင်းတင်ပြရလျှင် ဒီမိုကရေစီရရှိရေးအတွက် အခိုင်မာဆုံး ပြဋ္ဌာန်းပေးနိုင်သည်မှာ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဤအခြေခံဥပဒေသည်သာလျှင် ဒီမိုကရေစီရရှိရေးအတွက် အရေးကြီးဆုံး အာမခံချက်ကြီးပင်ဖြစ်သည်။ အခြေခံဥပဒေမရှိဘဲနှင့် တိုင်းရင်းသားပြည်သူများ လိုချင်သော ဒီမိုကရေစီမရရှိနိုင်ပေ။ ထို့ကြောင့် တိုင်းရင်းသား ပြည်သူများအနေဖြင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ထောက်ခံမဲမဖြစ်မနေ ပေးကိုပေးသင့်ပေသည်။

ယင်းအခြေခံဥပဒေတွင် လက်ရှိပြည်နယ်နှင့် တိုင်းများအပြင် " ၀ " တိုင်းရင်းသားတို့အတွက် " ၀ " ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုးကန့်၊ ဓနု၊ ပအိုင်း၊ ပလောင်၊ နာဂ တိုင်းရင်းသားတို့အတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများ ပါလာသည်။

ကျန်တိုင်းရင်းသားတို့အတွက် လူဦးရေအလိုက် လွှတ်တော် ကိုယ်စားလှယ် ရွေးချယ်ပိုင်ခွင့်များ ပိုလာသည်။ ပြည်နယ်အစိုးရများ ဖွဲ့စည်းခွင့်ကဲ့သို့ အခွင့်အရေးမှာ အာဏာခွဲဝေမှုတွင် ပိုမိုအခွင့်သာလာခြင်း ဖြစ်သည်။

အခြေခံဥပဒေကို ပြင်ဆင်သည့် အခန်းလည်း ပါဝင်ပါသည်။ ထိုအခြေခံဥပဒေကို ကျင့်သုံးပြီး ရင့်ကျက်လာသည်နှင့်အမျှ အပြောင်းအလဲ လုပ်၍ရသည့် အခွင့်အရေးလည်းရှိသည်။ ဆိုလိုသည်မှာ ဤအခြေခံဥပဒေသည် တင်းကျပ်လွန်းသည့် အခြေခံဥပဒေမျိုးမဟုတ်ပေ။ တိုင်းရင်းသား ပြည်သူများအားလုံးကို ထူးကဲစွာ အကျိုးပြုနေသည့် အလျောက် ဤပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ မဲပေးကြရာတွင် ထောက်ခံမဲပေးခြင်းဖြင့် ဒီမိုကရေစီရရှိရေးအတွက် အတူလက်တွဲပါဝင် ဆောင်ရွက်ကြပါစို့ဟု နှိုးဆော် တိုက်တွန်းလိုက်ရပါသတည်း။ ။

အချုပ်အခြာအာဏာ၏ မဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အခွင့်အာဏာများကို တိုင်းရင်းသား လူမျိုးစုငယ်များအထိ ခွဲဝေအပ်နှင်းထား။

ဗဟို၌ ပြည်ထောင်စုတစ်ခုလုံး၏ အခွင့်အာဏာကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ပေါင်းထားသည့် ပြည်ထောင်စုလွှတ်တော်က တာဝန်ယူကျင့်သုံးမည်။

ဒလမြို့ ရာပြည့်ဓမ္မဒီပနီဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ညောင်ကုန်းရပ်ကွက် ဇေယျဝတီ ကျောင်းတိုက်ကြီးအတွင်းရှိ ရာပြည့်ဓမ္မဒီပနီဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားကို ဧပြီ ၂၇ရက် နံနက် စနာရီ ၄၅မိနစ်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောသာရာဘိဝံသထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန်နှင့်ဇနီး၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ဖွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေကနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံ လှုဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်ဇနီး၊ ဂေါပက အဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှုဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ် လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချအနမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အလှူတော်ငွေပေးအပ်

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကျောင်းတိုက် အတွင်းရှိ မျက်ရှင်တော် ဆုတောင်းပြည့် မဟာသက်ဒိန်ဘုရားအား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် နှံ့သာတိုင်များ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုပြီး နောင်တော်ကြီးဘုရား အား ရောင်တော်ဖွင့်ပူဇော်ကာ အလှူတော် ငွေများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

သိမ်ဆောက်လုပ်ရန် ငွေကျပ် ၂၁ သိန်း လှူဒါန်း

ရန်ကုန် ဧပြီ ၃၀

မြိတ်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားကြီးများက မြိတ်မြို့နယ် ကလွင် ကျေးရွာအုပ်စု ငွေပုလဲရပ်ကွက်ရှိ ဇေယျ သိဒ္ဓိဘုန်းတော်ကြီးကျောင်း သိမ်ဆောက် လုပ်ရန်အတွက် အလှူငွေကျပ် ၂၁ သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် ညနေ ၄ နာရီက အဆိုပါရုံး၌ ကျင်းပ သည်။

ရှေးဦးစွာ မြိတ်မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံး ဦးစီးအရာရှိ ဦးတင်ထွန်းက ဇေယျသိဒ္ဓိဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလဝံသ ထံ သိမ်ဆောက်လုပ်ရန်အတွက် ငွေ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို လျှောက်ထားပြီး မြို့နယ် ပြည်တွင်း ကုန်တင်ကုန်ချ လုပ်သားကြီးများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၂၁သိန်းကို ရေစက် ချလှူဒါန်း၍ သိမ်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထိန်လင်းထံ ပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း ဗိုလ် တ ထောင် မြို့နယ်ဗိုလ်ချုပ်ဈေး အမှတ် ၂၁၂ နေ ဒေါ်အုန်းရီ မိသားစု က ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါ လမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏တိပိဋက ရွှေရတု၊ ငွေ ရ တု ကျောင်း တော်ကြီး အတွက် အ လှူ ငွေ ကျပ် တစ်သိန်းကို အန နာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေ စက်ချ အနမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သုံးခွမြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၇ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ထုံးကြီးကျေးရွာသို့ ရောက်ရှိပြီး ထုံးကြီးအရှေ့ကျောင်းတိုက်၌ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာစက္ခအား ဖူးမြော်ကြည်ညိုရှိ သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောင်းတိုက် မွေးရုံ၌ ထုံးကြီး၊ ကတုံးပေါ်အလယ် ကျေးရွာ၊ ဖွဲထော်နှင့် ကျောင်းစုပတုတ် ကျေးရွာ အပါအဝင် ကျေးရွာအုပ်စု ၁၀စုမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများ အား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

စာအုပ်စာတမ်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျေးလက်ပညာရည်မြင့်မား ရေးအတွက် ကတုံးပေါ်အလယ်ကျေးရွာ၊ ဖွဲထော်ကျေးရွာနှင့်ကျောင်းစုပတုတ်ကျေးရွာ များမှ အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာတစ်လုံးစီနှင့် ကျောင်းစာကြည့် တိုက်များအတွက် စာအုပ်စာတမ်းများကို လည်းကောင်း၊ လက်ပံကျိုး-အောင်သာ ဒန်းလမ်းအတွက် အလှူငွေ ကျပ်တစ်သိန်း ကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

လှူဒါန်း

ဆက်လက်၍ ဗဟို အလုပ်အမှု ဆောင် ဝန်ကြီးသည် သုံးခွမြို့နယ် သိုက်တူးကန် စံပြကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာ အလယ်တန်းကျောင်း ခန်းမ၌ သိုက်တူးကန် စံပြကျေးရွာအပါ အဝင်ကျေးရွာအုပ်စု ၁၀ စုမှ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြား ကာ ပျဉ်းမကန် ကျေးရွာနှင့်သိုက်တူး ကန်စံပြကျေးရွာတို့ရှိအခြေခံပညာအထက် တန်းကျောင်းများအတွက် ကွန်ပျူတာ တစ်လုံးစီနှင့် ကျောင်းစာကြည့်တိုက်များ အတွက် စာအုပ်စာတမ်းများကို ပေးအပ် လှူဒါန်းသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ကျင်းပ

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားများကို ဧပြီ ၂၇ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ မြို့နယ်ခုနစ်မြို့နယ် သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက် ပိုစတာများကို ကမာရွတ်မြို့နယ် လှည်း တန်းလမ်းဆုံ၌ လည်းကောင်း၊ လှိုင် မြို့နယ် လှိုင်အားကစားကွင်း၌ လည်း ကောင်း၊ မရမ်းကုန်းမြို့နယ် သမိုင်း လမ်းဆုံ၌ လည်းကောင်း၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင် လမ်းဆုံ၌ လည်းကောင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်းဆုံ၌ လည်းကောင်း **(အောက်ပုံ)**၊ ကြည့်မြင်တိုင် မြို့နယ် သီရိမင်္ဂလာဈေးရှေ့နှင့် အလုံ မြို့နယ် ထော်လီကွေ့၌ လည်းကောင်း စိုက်ထူကြသည်။

ပိုင်းဝန်းစိုက်ထူ

"မျိုးချစ်စိတ်ဓာတ်ထက်သန်သူ တိုင်း၊ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူ တိုင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ ရေးကိုလိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှု နှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူ တိုင်း၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေး အစိုးရပေါ်ပေါက်လာမည်ကို လက်မခံနိုင် သူတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့"၊ "အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်၊ အမျိုးသားရေးအကျိုး လိုလား သူတိုင်း ထောက်ခံမဲပေးကြစို့"၊ "ဒို့ အနာဂတ် ဒို့ဖန်တီးဖို့၊ အခြေခံဥပဒေ အတည်ပြုစို့" နှင့် "မင်းမဲ့စရိုက်ဖြင့် ဒီမိုက ရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်" ဟူသော မြေစိုက်ပိုစတာများ ကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှု ရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက ပိုင်းဝန်းစိုက်ထူခဲ့ကြသည်။ **(သတင်းစဉ်)**

မတ် ၃၀ ရက်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)ကျန်စစ်သားလမ်းရှိ တိပိဋက မဟာဂန္ဓာဝင် နိကာယ်ကျောင်းတိုက်၌ ကျင်းပသော တိပိဋကရေမှုမှ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြို ဆရာတော် ဘဒ္ဒန္တဝါယာမိန္တာဘိဝံသ၏ သက်တော် (၅၃)နှစ်ပြည့် ပိဇာတမွေးနေ့မင်္ဂလာနှင့် စာအောင်သံဃာတော်များပူဇော်ပွဲ၌ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ ဦးဆောင်နာယကပညာရေးတက္ကသိုလ်(အင်္ဂြိမ်းစား) မော်ကွန်း ထိန်း ဆရာကြီးဦးစောကြိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (က-ပ)

● ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ အသက်၄၀အထက်(အမျိုးသား)ပြိုင်ပွဲ၌ သံလွင်အသင်း အနိုင်ရဂိုလ်စွဲ

အားကစားသတင်းဖြင်ကွင်း--မောင်ဧမောဒ်ဖြင့်ဧဆွေ၊ ဧာတ်ပုံမှတ်တမ်း--တင်ဦး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား /အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်းကွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ဝဲရုံ(၁)သုဝဏ္ဏဒွီ ဧပြီ ၃၀ရက်က ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

အနိုင်ရရှိ

အသင်းလိုက် စုစည်းမှု အားကောင်းလို့ အနိုင်ရရှိခဲ့တာပါ။

ကိုတင့်ဆန်း
သံလွင်အသင်းခေါင်းဆောင်

ယူ-၂၀ (အမျိုးသား)

ယနေ့ပွဲစဉ်များတွင် ယူ-၂၀ (အမျိုးသား) ဘတ်စကက်ဘောပြိုင်ပွဲများကို ပထမဆုံးကျင်းပရာ Strome Riders နှင့် D.G.H အသင်းတို့ ယှဉ်ပြိုင်ရာ D.G.H အသင်းက တစ်ဦးချင်းဂိုးသွင်းမှုနှင့် အဝေးပေးဘောများ လျှပ်တစ်ပြက်အသုံးပြုကာ ထိုးဖောက်ကစားနိုင်ခဲ့သည်။ Strome Riders အသင်း ကစားသမားများ လျင်လျင်မြန်မြန် ကစားနိုင်သော်လည်း တစ်ဦးချင်းတပ် ခံစစ်များမကောင်းခဲ့သဖြင့် အမှတ်များ ပေးခဲ့ရခြင်းဖြစ်သည်။ Strome Riders အသင်းက အဆုံးသတ်ဂိုးသွင်းမှုများ မသေချာခဲ့သဖြင့် ရသင့်သောအမှတ်များ မရခဲ့ခြင်းလည်းဖြစ်သည်။ D.G.H အသင်း ယခုပွဲ၌လက်ရှစ်မြင်းပြကစားနိုင်ခဲ့ရာမှ ၇၈ မှတ်-၄၅မှတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။

ထို့နောက် ယူ-၂၀(ကျား) ဘတ်စကက်ဘောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မိုးကုတ်နှင့် Dragon အသင်းတို့ ယှဉ်ပြိုင်ကြသည်။ ယခုပွဲ၌ Dragon အသင်း ယခင်နေ့များကဲ့သို့ လက်ရွှမ်းမပြနိုင်ခဲ့ချေ။ မိုးကုတ်အသင်း၏တိုက်စစ်ကို စုနံခံစစ်များဖြင့် နိုင်နိုင်မာမာ မကာကွယ်နိုင်ခဲ့ရာ ဂိုးများ ဆက်တိုက်မေးခဲ့ရသည်။ မိုးကုတ်အသင်းမှာ ယခင်နေ့က ပွဲထက်အမှားနည်းပြီး အနိုးအဝေးဂိုးသွင်းမှုများ သေချာသဖြင့် အမှတ်များ ရရှိခဲ့ခြင်းဖြစ်သည်။

Dragon အသင်းက နောက်ပိုင်းပွဲရှိနှိုများ၌ အရိုက်အဆက်မိမိပြန်ကစားနိုင်ခဲ့ပြီး လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားကာ ဂိုးများသွင်းယူနိုင်ခဲ့ရာ မိုးကုတ်အသင်း ကြိုးစားဟန့်တားခဲ့ရသည်။ သို့သော် မိုးကုတ်အသင်းက အမြဲတဝါ၊ အမြဲဆင်းဖြင့် သွက်သွက်လက်လက်ကစားခဲ့မှုကြောင့် မိုးကုတ်အသင်း ၅၃မှတ်-၄၆မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အလွတ်တန်း(အမျိုးသား)

ထို့နောက် အလွတ်တန်း(အမျိုးသား)ဘတ်စကက်ဘောပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင် ကစားသည်။ ယခုပွဲ၌ Fox နှင့် Blue Boy အသင်းတို့ လက်ရည်တူနေသဖြင့် အကြိတ်အနယ်ခဲခဲ့ကြရသည်။ နှစ်သင်းစလုံး၌ အတွေ့အကြုံရင့်ကစားသမားများချည်း ပါဝင်ရာ တစ်သင်းနှင့်တစ်သင်း အမှားမခံဘဲကစားကြသဖြင့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။

Fox အသင်းက တစ်ဦးချင်းရော အသင်းလိုက်ပါ စုစုစည်းစည်းကစားနိုင်ကြသလို Blue Boy အသင်းကလည်း တစ်ဦးချင်းခံစစ်၊ နှစ်ခံစစ်များ ဟန်ချက်ညီညီကစားနိုင်ခဲ့သည်။ Blue Boy အသင်းသည် ယခင်ပွဲများလောက် လက်မတွေ့ဘဲ ဖြစ်နေရာ ဂိုးသွင်းမှုများ အကြိမ်ကြိမ်လွဲချော်နေခဲ့သည်။ သို့သော် Fox အသင်းကလည်း အဆုံးသတ် မပိုင်ဘဲဖြစ်နေရာ ရသင့်သည့်ဂိုးများ မရခဲ့ချေ။ Fox အသင်းက ဘယ်၊ ညာ၊ အတွင်းနေရာစုံမှ ထိုးဖောက်ဂိုးသွင်းခဲ့မှုကြောင့် အမှတ်များ ဆက်တိုက်ရရှိပြီး ၇၅မှတ်-၄၅မှတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။

အသက် ၄၀ အထက် (အမျိုးသား)

ဆက်လက်ပြီး အသက် ၄၀ အထက်(အမျိုးသား) ဘတ်စကက်ဘောပြိုင်ပွဲကို ကျင်းပရာ လက်ရွေးစင်ဟောင်းများ အများစုပါဝင်သည့် Friendship အသင်းကို သံလွင်အသင်းက အကြိတ်အနယ်ကစားခဲ့ရသည်။ အရပ်မှိန်ဝေသာကစားသမားများ ပါဝင်သော Friendship အသင်းသည် တစ်ဦးချင်းတိုက်စစ်များပျက်နေတတ်ပြီး အနိုး အဝေးဂိုးသွင်းမှုများလည်း လွဲချော်နေခဲ့သည်။

သံလွင်အသင်းက တန်ပြန်တိုက်စစ်ကို မြန်မြန်ကစားသဖြင့် Friendship အသင်း ဟန်ချက်ပျက်သလို ဖြစ်ခဲ့ရာမှ အမှတ်တွေပေးခဲ့ရခြင်းဖြစ်သည်။ သံလွင်အသင်းက စုနံခံစစ်ကို ထိထိရောက်ရောက် ကစားခဲ့သဖြင့် Friendship အသင်း လွတ်လွတ် ကျက်ကျက် ဂိုးမသွင်းနိုင်ခဲ့ချေ။ သံလွင်အသင်းက ပြန်ကူကောများကို မြန်မြန်ဆန်ဆန် ဖြင့် တန်ပြန်တိုက်စစ်ဆင်ကာ ဂိုးများသွင်းယူနိုင်ခဲ့ရာမှ ၅၅ မှတ်- ၄၇ မှတ်ဖြင့် အနိုင်ရရှိပြီး အသက် ၄၀ အထက် (အမျိုးသား)အလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲ၌ ပထမရရှိသွားခဲ့ခြင်းဖြစ်သည်။

စုစည်းမှု

သံလွင်နှင့် Friendship အသင်းတို့ ပွဲအပြီး အနိုင်ရရှိသွားသော သံလွင်အသင်းမှ အသင်းခေါင်းဆောင်ကိုတင့်ဆန်းအား ယခုပွဲယှဉ်ပြိုင်ရမှုအပေါ် မေးမြန်းရာ "တစ်ဖက် အသင်းမှာက လက်ရွေးစင်ကစားသမားဟောင်းတွေ အများစုပါနေတော့ ကစားရတာ ခက်ခဲပါတယ်၊ ဒီပွဲမှာ အသင်းလိုက်စုစည်းမှုအားကောင်းလို့၊ ကစားသမားတွေ စိတ်ဓာတ်ကောင်းလို့ အနိုင်ရရှိခဲ့တာပါ။ ကျွန်တော်ဒီပွဲမှာ ဂိုး ၁၀ ဂိုးသွင်းခဲ့ပါတယ်။ သုံးသင်းပတ်လည်ဆိုတော့ ကျွန်တော်တို့ခုနစ်ပွဲကစား နှစ်ပွဲနိုင်နဲ့ ပထမရရှိခဲ့ခြင်း ဖြစ်ပါတယ်" ဟု ဖြေကြားသွားသည်။

ယခုပွဲ၌ သံလွင်အသင်းကိုရှုံးသွားခဲ့သည့် မန္တလေးမြို့မှ Friendship အသင်းနည်းပြ ဦးတင်ဆောင်နှင့် ဆက်လက်တွေ့ဆုံမေးမြန်းရာ "ကျွန်တော်တို့အသင်း ပြင်ဆင်မှုနဲ့ လေ့ကျင့်မှု အားနည်းခဲ့လို့ ရှုံးခဲ့တာပါ။ လက်ရည်မကွာပါဘူး။ ကစားသမားတွေက ဘယ်သွားတောင်ပဲတွေက ဂိုးသွင်းဖို့မကြိုးစားဘဲ အလယ်ကြောကချည်း ဂိုးသွင်းဖို့ ကြိုးစားတာများလို့လည်း ဘောလုံးပျက်ခဲ့တာကြောင့် အမှတ်တွေဆုံးရှုံးခဲ့ရတာပါ" ဟု ရှင်းပြသည်။

လက်ရည်မကွာ

လက်ရည်မကွာပါဘူး။

ဦးတင်ဆောင်
Friendship အသင်းနည်းပြ

ဧပြီ ၂၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သော ဘတ်စကက်ဘောပြိုင်ပွဲများတွင် ယူ-၂၀ (အမျိုးသား) ဧရာဝတီနှင့် Strome Riders အသင်းတို့ ပြိုင်ဝွဲ၌ ဧရာဝတီက ၅၅ မှတ်- ၅၁ မှတ်ဖြင့် အနိုင်ရရှိပြီး လယ်ယာ/ဆည်ဆောင်းနှင့် မိုးကုတ်အသင်းတို့ယှဉ်တွင် လယ်ယာ/ဆည်ဆောင်းအသင်းက စစမှတ်-၆၆မှတ်ဖြင့် အနိုင်ရခဲ့သည်။ အမျိုးသမီး အလွတ်တန်း ဘတ်စကက်ဘောပြိုင်ပွဲ၌ ပြည်ထဲရေးနှင့် စက်မှု(၁)အသင်းတို့ပွဲတွင် စက်မှု(၁)အသင်းက ၆၅မှတ်- ၂၄မှတ်ဖြင့်လည်းကောင်း၊ အသက် ၄၀ အထက် (ကျား) အလွတ်တန်းပြိုင်ပွဲတွင် LSK နှင့် သံလွင်အသင်းတို့ပွဲ၌ သံလွင်အသင်းက ၄၆ မှတ်- ၃၂ မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို မေဝရက်(၀၄၌)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အသက် ၄၀ အထက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင် သံလွင် အသင်းနှင့် Friendship အသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ကန့်ဘလူနှင့် ရွှေဘိုမြို့နယ်ရှိ ပညာရေးဝန်ထမ်းများအား ဝန်ကြီး ဒေါက်တာချမ်းမြင့်မိုး ဆွေးနွေးမှုကြား

နေပြည်တော် ဧပြီ ၃၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းမြင့်မိုးသည် ဧပြီ ၂၅ရက် နံနက် ၉နာရီခွဲတွင် ကန့်ဘလူမြို့နယ် စီးကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့လည်း ကောင်း၊ ထိုမှတစ်ဆင့် ဝန်ကြီးသည် ထန်းကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)သို့လည်းကောင်း ရောက်ရှိပြီး ဆရာ ဆရာမများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အခြေခံပညာကျောင်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် နတ်ပေးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နတ်ပေးကျေးရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်က ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံ

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းမြင့်မိုးသည် ဧပြီ ၂၆ ရက် နံနက်ဂုနာရီတွင် ကန့်ဘလူမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ရပ်မိရပ်ဖများက တိုက်နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများ၏ ပညာရေး ပွဲဖြိုးတိုးတက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ဆိပ်ဖူး ရွှေဘို စံပြကျေးရွာသို့လည်းကောင်း၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း ရောက်ရှိပြီး မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ရွှေဘို ဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ပညာရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဌာနဆိုင်ရာ ဝန်ထမ်းများ ဧပြီလအတွင်း ဝန်ထမ်းအသစ် ၁၂၀၀ ခန့် ခန့်အပ်မည်

ဧပြီ ၃၀

ဌာနဆိုင်ရာ ဝန်ထမ်းများ ဧပြီလအတွင်း ဝန်ထမ်းအသစ် ၁၂၀၀ ခန့် ခန့်အပ်မည်ဖြစ်ကြောင်း ဌာနဆိုင်ရာ ဝန်ထမ်းများ ဧပြီလအတွင်း ဝန်ထမ်းအသစ် ၁၂၀၀ ခန့် ခန့်အပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဌာနရာနှစ်ဦးကာလဘဝမှတိုင်းများစာအုပ် ထုတ်ဝေဖြန့် ချိ

ရန်ကုန် ဧပြီ ၃၀

ဒုတိယဗိုလ်မှူးကြီးခင်မောင်အေး(ငြိမ်း) စာရေးဆရာ ခင်မောင်အေး(ကောင်ကြီး) ရေးသားသည့် **'ရွှေရတုနှစ်ဦးကာလဘဝ မှတ်တိုင်များ'** စာအုပ်ကို မုန်းချောင်းလွင် ပြင်ဒီဒီယာ ဖုန်း-၆၃၆၃၄၉ က ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် အမိတွက်တာဘဝတစ်လွှေမှာ၊ ကျွန်ုပ်ချစ်သူနှင့် စစ်ပွဲတစ်ခု၊ ဟိုဆီးပို့ဆာ ပြောသော ပုံပြင်တစ်ပုဒ်၊ တစ်ချိန်ကု ညီရောင်သန်းခဲ့သည့် ဘုတ်ပြင်းကမိုး(ခေါ်) စတိန်ချောင်းများ တိုက်ပွဲနှင့် နတ်တို့ဂုဏ်သော စစ်သားများဟူသည့် အခန်းကဏ္ဍများ ပါဝင်သည်။

ဤစာအုပ်တွင် တပ်မတော်သားတစ်ဦး၏ ဘဝအတွေ့အကြုံများကို နောက်ခံထားလျက် တပ်မတော်သားတို့၏ ခဲ့ဘော်ခဲ့ဘက်ဖြစ်တိုးတန်ရှိမှု၊ တိုင်းပြည်နှင့် လူမျိုးအတွက် အနစ်နာခံမှု၊ စွန့်လွှတ်စွန့်စားမှု ဖြစ်ရပ်မှန်များကို ရသမြောက်စွာ ရေးဖွဲ့ထားသည်။ သည်းထိတ်ရင်ဖို၊ နှစ်သက်ကြည်နူးဖွယ်ဖတ်ရှုရင်း တပ်မတော်သားတို့၏ ဘဝကို ခံစားနားလည်စေနိုင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၀၈ရက် (ကြာသပတေးနေ့)

AM & PM

၆း၀၀-၁း၀၀ MRTV-4 အမှုန့် Logo
၆း၀၅-၁း၀၅ "အာဒမ္မာပဋ္ဌာန်း" တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္နဆရာတော်)
၈း၀၀-၂း၀၀ နိဒ္ဒာန်ဆီသို့...အမေးအဖြေများ
၈း၂၀-၂း၂၀ တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅ ပြည်တွင်းအနုပညာရေးများ
၈း၄၀-၂း၃၅ ရိုတာက ပိုကောင်းပါတယ်
၉း၁၀-၃း၁၅ တေးဂီတအစီအစဉ်
၉း၂၀-၃း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀ လယ်တိုရဲ့လေသာနဲ့ ဇလဇေခန်နှုန်းချက်
၉း၄၀-၃း၄၀ တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅ လေးကျွန်းစကြာရုပ်တော်မှ ဒုန္ဒရုပ်မွားတော်မြတ်ကြီး
၁၀း၀၀-၄း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅ Art Vision (ကြေးထွင်းပန်းနဲ့)
၁၀း၂၅-၄း၂၅ မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀ များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့
၁၀း၄၅-၄း၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅ စိတ်အားထက်သန် ဆန္ဒအမှန်
၁၁း၁၅-၅း၁၅ တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅-၅း၂၅ Shopping Guide
၁၁း၃၀-၅း၃၀ "Aroma" Wellness Shopping Centre
၁၁း၄၅-၅း၄၅ တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀ တန်ဖိုးမြင့်ထုတ်ကုန် သားရေစက်ရုံ
၁၂း၀၅-၆း၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "မန်းသုံးပွင့်၏ချစ်အိမ်မက်"
၁၂း၄၅-၆း၄၅ တေးဂီတအစီအစဉ်
၁၂း၄၀-၆း၄၀ သဘာဝကမေးတဲ့ အကျိုးအကြိသင်
၁း၀၀-၇း၀၀ MRTV-4 အဓိက Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF ဟိန္ဒါဆင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

မြန်မာ့ဇာတ်သဘင်လောက တိုးတက်ရန်အထောက်အကူပေးမည့် သဘင်စာမျက်နှာပန်ကြားလွှာ မီဒီယာရှင်းလင်းပွဲ

သဘင်သတင်း - မိုးမြင့်လင်းလက်၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့လင်း)

ရန်ကုန် ဧပြီ ၃၀

မြန်မာ့ဇာတ်သဘင်လောကမှာ တစ်ကြိမ်တစ်ခါမှ မပြုလုပ်ခဲ့ရသေးတဲ့ သဘင်မျိုးဆက်သစ်များကို မီဒီယာများသို့ အပ်နှံခြင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးသို့ ငွေလှူဒါန်းခြင်းနဲ့ မြန်မာ့ဇာတ်သဘင်အကြောင်းကို မီဒီယာစာမျက်နှာတွေ အပေါ်မှာ ကျယ်ကျယ်ပြန့်ပြန့်တင်ပြပေးရန် ပန်ကြားခြင်းဆိုတဲ့ အချက်တွေနဲ့ကျင်းပတဲ့ ''သဘင်စာမျက်နှာပန်ကြားလွှာ'' ဆိုတဲ့ မီဒီယာရှင်းလင်းပွဲဟာ ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မြောက် ဘက်တန်း အနောက်ဘက်မျက်နှာစာမှာရှိတဲ့ Ginzapen Hotel မှာ ဧပြီ ၃၀ ရက် ညနေ ၅ နာရီက ကျင်းပခဲ့ပါတယ်။ (အောက်ပုံ)

စုံစုံလင်လင်

မီဒီဒီယာရှင်းလင်းပွဲကို မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဒုတိယ ဥက္ကဋ္ဌ ဦးရဲခွေး၊ အတွင်းရေးမှူး ဦးအောင် တင်ဝင်းနဲ့ သဘင်ပညာရှင်တွေ၊ မီဒီယာသမားတွေ စုံစုံလင်လင် တက်ရောက်ခဲ့ကြပါတယ်။

မီဒီဒီယာရှင်းလင်းပွဲမှာ ဓာတ်မင်းသားမိုးမင်းက ရှင်းလင်းပြောကြားတဲ့အခါ မြန်မာ့ဇာတ်သဘင်လောကကြီး အခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်ဖို့ မီဒီယာများရဲ့ ပံ့ပိုးမှုလိုအပ်ပါကြောင်း၊ သဘင်ပညာရှင်တွေအနေနဲ့ အနုပညာလုပ်ငန်းသဘောအရ နယ်တွေမှာပွဲတွေသွားရောက်ကပြရတဲ့ အချိန်တွေများနေပြီး ရန်ကုန်ပွဲတွေဆိုရင်လည်း ညပိုင်းကပြီး နေ့ခင်းဘက်အိပ်နေရတာတို့ မီဒီယာနဲ့ အတွေ့အဆိုနည်းပါးခဲ့ကြောင်း၊ မိမိတို့ သဘင်ပညာသည်တွေအနေနဲ့ မီဒီယာများကို ကြိုဆိုပါကြောင်း ဦးစွာပြောကြားသွားပါတယ်။

မီဒီယာအပေါ်

ဒါ့အပြင် မိမိတို့အနေနဲ့ အသက်အရွယ် တဖြည်းဖြည်းနဲ့ ရလာတာမို့ မျိုးဆက်သစ် သဘင်ပညာသည်လေးတွေကို မီဒီယာသမားတွေနဲ့ မိတ်ဆက်ပေးပါ ကြောင်းပြောကြားပြီး မျိုးဆက်သစ် သဘင်ပညာသည်တွေဖြစ်တဲ့ တင်မောင်ဆန်းမင်းဝင်း၊ သူရိုလ်၊ ချမ်းသာ၊ တင်စာမိုးဝင်း၊ ကျော်ကျော်ဝိုလ်တို့နဲ့ မိတ်ဆက်ပေးပါတယ်။ မျိုးဆက်သစ်သဘင်ပညာသည်တွေကို ပြည်သူတွေ လေးစားအောင်နဲ့ လက်ခံအားပေးကြအောင် ပြည်သူတွေအနေနဲ့ သဘင်ပညာသည်ကို ယုံယုံကြည်ကြည်နဲ့ ဆက်လက်အားပေးကြရေးဟာ မီဒီယာတွေအပေါ်မှာ အများကြီးမူတည်နေပါတယ်။

ဒါ့အပြင် ဓာတ်မင်းသားမိုးမင်းက သူ့အနေနဲ့ ဓာတ်တော်ကြီးကဖွဲ့တွေကို အဆင့်မြင့်မြင့်နဲ့ တင်ဆက်ကပြသွားမယ်လို့ ဆိုပါတယ်။ ဒီနေကမှာ ဆရာချစ်ဦးညိုက မြောကြားတဲ့အခါ ''ဓာတ်မင်းသား မိုးမင်းရဲ့ ဓာတ်တော်ကြီးကို အသွင်သစ် နဲ့ကမြမယ် အစီအစဉ်ကို ကြိုဆိုကြောင်းနဲ့ ပံ့ပိုးကူညီသွားမယ်အကြောင်း'' ပြောကြားသွားပါတယ်။

လှူဒါန်း

ဓာတ်မင်းသားမိုးမင်းဟာ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး သက်ကြီးပူဇော်ပွဲအတွက် ငွေကျပ် ၁၅သိန်း လှူဒါန်းတဲ့အခါ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရဲခွေး၊ အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က လက်ခံရယူကြပါတယ်။

ဒီနောက်မှာ ဓာတ်မင်းသားမိုးမင်းကို တွေ့ဆုံပြီး ဓာတ်တော်ကြီးကို အဆင့်မြင့် တင်ဆက်ကပြဖို့ မေးမြန်းတဲ့အခါ '' ခေတ်မီနည်းစနစ်တွေအသုံးပြုပြီး ကပြသွားမှာပါ။ ဒီလိုကပြမှကို လာမယ့်မွင့်လင်းရာသီမှာ စတင်သွားမှာဖြစ်ပြီး ပထမဆုံး အနေနဲ့ ဓာတ်တော်ကြီးရဲ့ ကောက်နုတ်ချက်အခန်းတွေကို တစ်ခန်းချင်း တင်ဆက်သွားမှာဖြစ်ပါတယ်။ ပရိသတ်ရဲ့ တုံ့ပြန်မှုကို ကြည့်ပြီး အခန်းတွေတိုးချဲ့ တင်ဆက်ကပြသွားမှာပါ။ ဒီလိုဓာတ်တော်ကြီးကို တင်ဆက်တဲ့နေရာမှာ အချိန်ကိုလည်း အရင်က ပြဓာတ်ကတဲ့အချိန်မှာ အစားထိုးကပြတင်ဆက်သွားဖို့ စီစဉ်ထားပါတယ်'' လို့ ပြောကြားသွားပါတယ်။

ဓာတ်သဘင်ဖွံ့ဖြိုးဖို့

မြန်မာ့ဓာတ်သဘင်လောက ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒီဇာတ်အောင်မြင်ဖို့ဆိုတာ အခုကျင်းပတဲ့ မီဒီယာရှင်းလင်းပွဲက အရေးပါတဲ့ ဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း သတင်းမြင်ကွင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဟော်ကီအမ္ဘွဲ့ချုပ်ပဲက ကြီးမှူးကျင်းပသော ၂၀၀၈ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေး ဟော်ကီပြိုင်ပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ သိမ်ဖြူ နိုင်ငံတကာအဆင့်မိမြက်ခင်းတု ဟော်ကီအားကစားကွင်း၌ ကျင်းပရာ ပထမဆုရရှိသွားသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချယ်သူရ အေးမြင့်က တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (မြို့နယ် မြန်/ဆက်)

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၃၀

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် စာပေနှင့်စာနယ်ဇင်းဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ရက်က ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြင့် (ပြည်ဘုန်းမြင့်)က အမှာစကားပြောကြားသည်။ ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို အတွင်းရေးမှူး ဦးလှကြည် (ဧမင်လှကြည်)က ဖတ်ကြားအတည်ပြုဖြစ်ပြီးနောက် ဘဏ္ဍာရေးနှင့်ဘဝမိုးကို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမိုးညွှန့် (ခင်ဃေမာန်)က ဖတ်ကြားအတည်ပြုကာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (က-ဝ)

ပုဗ္ဗာ(၂) မိုးကုတ်ရိပ်သာ ၁၀ ရက် တရားစခန်း

ရန်ကုန် ဧပြီ ၃၀

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် ပုဗ္ဗာ(၂)မိုးကုတ်ပိဿသာမာ ဓမ္မရိပ်သာ၌ လစဉ်တရားစခန်းပွဲဖွင့်လှစ်လျက်ရှိရာ (၁၆၃)ကြိမ်မြောက် တရားစခန်းပွဲကို ကျင်းပမည်ဖြစ်ရာ ၁၃ဂုဝပြည့်နှစ် ကဆုန် လပြည့်ကျော် ၃ ရက်၊ မေ ၂၂ရက် (ကြာသပတေးနေ့) ညနေအရောက် ယောဂီများ လာကြရမည်ဖြစ်သည်။ (က-ဝ)

ရာသီဥတုအခြေအနေအရ ဓာတ်ငွေ့ပိုက်လိုင်းများ ပြုပြင်နေမှုပြီးစီးခြင်းမရှိသေးသဖြင့် ဓာတ်အားဆက်လက်လျော့ကျနေမည်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံလေးရုံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်နေသော ကမဲလွန်ဓာတ်ငွေ့ ပိုက်လိုင်းများသည် ဧပြီ ၂၇ ရက် (တနင်္ဂနွေ) ညနေ ၆ နာရီမှ ၂၉ရက် (အင်္ဂါနေ့) ညနေ ၆ နာရီအထိ ဓာတ်ငွေ့ပိုက်လိုင်းများ ပြုပြင်နေသောကြောင့် ဓာတ်အားဖြန့်ဖြူးမှုအနည်းငယ်လျော့ကျမည်ဟု ကြော်ငြာထားခဲ့သော်လည်း ရာသီဥတုအခြေအနေအရ ဓာတ်ငွေ့ပိုက်လိုင်းများ ပြုပြင်နေမှုမှာ ပြီးစီးခြင်းမရှိသေးသဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုမှာ ဆက်လက်လျော့ကျနေမည်ဖြစ်ပြီး အမြန်ဆုံးပြုပြင်၍ ဓာတ်အားအပြည့်အဝပေးနိုင်ရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သထုံနှင့်ခရမ်းမြို့ မိုးရေချိန် ဧကချိန်သစ်

နေပြည်တော် ဧပြီ ၃၀

ဧပြီ ၃၀ ရက် နံနက် မြန်မာစံတော်ချိန် (၀၉း၃၀)နာရီတွင် အောက်ဖော်ပြပါစခန်းများ၌ ဧပြီလ၏ ၂၄ နာရီအတွင်း အများဆုံး ရွာသွန်းခဲ့သော မိုးရေချိန်ဧကချိန်သစ်များကို တိုင်းထွာရရှိခဲ့သည်။

စဉ်	စခန်းအမည်	မိုးရေချိန်ဧကချိန်သစ်		ဧကချိန်ဟောင်း		ယခင်ဧကချိန် ကျိုးခဲ့သည့်နှစ်	ဧကချိန်ကျိုးသည့် နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	သထုံ	၂၅၆	၁၀.၀၈	၁၆၂	၆.၃၈	၂၅.၄.၁၉၉၉	၃၅
၂	ခရမ်း	၁၆၁	၆.၃၄	၁၀၀	၃.၉၄	၃၀.၄.၂၀၀၀	၂၅

ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် မိုးသက်လေပြင်းများတိုက်ခတ်နိုင်ဆဲ

နေပြည်တော် ဧပြီ ၃၀

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်ဒေသအလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ပုသိမ်မြို့၏ အနောက်တောင်ဘက်ယွန်းယွန်း မိုင် ၄၈၀ခန့်အကွာ ပင်လယ်ပြင်ထဲကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းကြီးသည် လွန်ခဲ့သော ခြောက်နာရီ အတွင်း ပိမိုအားကောင်းလာခြင်းမရှိဘဲ အရှေ့မြောက်ဖက်သို့ ဦးတည်ပြီး ရွေ့လျားလာခဲ့သည်။ အဆိုပါမုန်တိုင်းကြီးသည် နောက် ၁၂နာရီအတွင်း ပိမို အားကောင်းလာခြင်းမရှိဘဲ အရှေ့မြောက်စုးစုံးသို့ ဆက်လက်၍ ဖြည်းညင်းစွာ ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။

မုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတို့တွင် နေရာအနှံ့အပြား၊ တနင်္သာရီတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်ရိုးရွယ်။ မြန်မာ့ကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်း များကျရောက်ပြီး လိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁-၅-၂၀၀၈ရက် (ကြာသပတေးနေ့) နံနက်မိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ မရိုတ်တရားတော်
၇း၂၅ ၂။ ကျန်းမာမှု၊ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ချစ်စရာအရွယ် ကကြိုးသွယ်
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ ကောင်ဂီတအစီအစဉ်
၈း၃၀ ၈။ International News
၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အနှစ်က ဓတ္တရာ
၄း၂၀ ၃။ အကပဒေသာ
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရပ်မြင်သံကြား သင်ခန်းစာ
တတိယနှစ် (စာတုဗေဒအထူးပြု) (စာတုဗေဒ)
၅း၀၀ ၅။ မိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးကျေးဇူး
၅း၁၅ ၆။ လက်တွေ့ပြရုပ်လို့ ဖြိုးရွေး၊ မြတ်ကောသီအောင် (ဒါရိုက်တာ-ကြည်နိုး)
၅း၄၀ ၇။ ကြယ်မှုံများရဲ့ရင်ခုန်သံ
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ မွန်ဖြိုးဆောင်မြင့် မနောမြောက်ခွင့် (အပိုင်း-၂)
၆း၅၀ ၁၁။ နိုင်ငံခြားဓာတ်လမ်းတွဲ **လေဒီဟန်နဲ့ဆင်ဆင်ခြင်း** (အပိုင်း-၂၅)
၇း၃၀ ၁၂။ စီတ်အားထက်သန် ဆန္ဒအမှန်
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ အကည်ပြုကြစို့ အခြေခံဥပဒေ
၁၇။ ရိုက်ကာ ပိုကောင်းပါတယ်
၁၈။ နိုင်ငံခြားဓာတ်လမ်းတွဲ **ဘဝဆက်ဆိုင်း** (အပိုင်း-၁၈)

မီး အစဉ်သတိပြု

မိုးကြိုဂုန်လျော်၊ ချဉ်ပေါင်လျော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အဆိုစိုက်ပျိုးပါ။ မိုးကြိုဂုန်လျော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင် လျော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေအနက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခဲမြေဩဇာကို ဖဖြစ်မေနထည့်သွင်းသုံးစွဲပါ။ မြေခဲမြေဩဇာဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှဝဝစီး အထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့်ပိုတက်ရှိမြေဩဇာ ၁၂၅သဖြကီလို့ ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက် သည့်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀နှင့်အထက် ရှိသော မျိုးများကို ဂုန်လျော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည့်နှုန်း၊ ချဉ်ပေါင်လျော် တစ်ဧကလျှင် မျိုးစေ့လေးပြည့်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျော်မျိုးစေ့များအား မစိုက်မီ ၃၊ ၄ နေ့ လှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ်အချိန်ဧဆောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွဲ့ ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းခဲပါ။

၈။ ပိုးမွှားအန္တရာယ်ကာကွယ်နိုင်နှင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအသင်္ကပိတုံးပြလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီများလိုပါက နီးစပ်ရာဂုန်လျော်နှင့် လျော်ချဉ်များ လုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းပန်ကြီးဌာန

သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြစ်သည့် မိုးယွန်းကြီးအင်းဘေးမဲ့တော နိုင်ငံခြားငွေရှာဖွေပေးသည့်အပြင် ဒေသခံပြည်သူများအား စားဝတ်နေရေးပြည့်ဆည်းပေး

ကွင်းဆင်းရေးသားသူ-သုအောင် ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာအပြင်အဆင်-ထိန်လင်း

သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသက်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

မိုးယွန်းကြီးအင်း ဘေးမဲ့တော အဝင်လမ်းကို ဤသို့လှပစွာ တွေ့မြင်ရသည်။

ရန်ကုန် ဧပြီ ၂၉

လူသားများအပါအဝင်ဩကာသ လောကတစ်ခုလုံးရှိ ကုန်းမြေများ၊ မြေဆီလွှာ၊ ရေထု၊ လေထု၊ ရာသီဥတု၊ သစ်တောများ၊ သားငှက်တိရစ္ဆာန်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊ သမိုင်းအကြောင်းအရာများသည် ယဉ်ကျေးမှု၊ လူမှုရေးနှင့် မျက်စိပသာဒ အကြောင်းအရာများ အားလုံးတို့သည် တစ်ခုနှင့် တစ်ခု ဆက်နွယ်လျက် ရှိပေသည်။

အနှီဆက်နွယ်မှုတို့မှ လူသားများ၊ ကျေးငှက်၊ သားငါး၊ တိရစ္ဆာန်များအား တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း အကျိုးပြုနေသော ရေတိမ်ဒေသ (Wet Land) များ မြန်မာနိုင်ငံတစ်နံတစ်လျား များစွာရှိနေပေသည်။

ပင်လယ်ရေတိမ်ဒေသ

ရေတိမ်ဒေသကို ယေဘုယျအားဖြင့် ဖွင့်ဆိုရလျှင် မြေနိမ့်ပိုင်းတွင်ရှိသော ရွှံ့နွံတောများ၊ ပုပ်သိုးဆွေးမြည့် နေသည့် သစ်ရွက်များပါရှိသဖြင့် ရေဝပ်မြေများ၊ သို့မဟုတ် သဘာဝအားဖြင့်ဖြစ်စေ၊ သို့မဟုတ် လူသားတို့၏ ဖန်တီးမှုဖြင့်ဖြစ်စေ၊ ယာယီအားဖြင့် ဖြစ်စေ၊ ထာဝရအားဖြင့်ဖြစ်စေ တည်ရှိနေသော ရေများ၊ ရေသေ၊ သို့မဟုတ် စီးဆင်းနေသောရေ၊ ရေချို၊ သို့မဟုတ် ရေငန်နှင့် ဒီရေကျချိန်တွင် ၁၈ပေထက် မနက်သော ပင်လယ်ရေတိမ် ဒေသများဟု ခေါ်ဆိုနိုင်သည်။

မြန်မာနိုင်ငံ၏ ရေတိမ်ဒေသ (Wet Land) တစ်ခုဖြစ်သော မိုးယွန်းကြီးအင်း ဘေးမဲ့တောမှာ လည်း လူသားများကို တစ်စိတ်တစ်ပိုင်း အကျိုးပြုလျက် ရှိပေသည်။

မိုးယွန်းကြီးအင်း ဘေးမဲ့တော

မိုးယွန်းကြီးအင်းဘေးမဲ့တောသည် ရန်ကုန်မြို့မှ ရန်ကုန်-ပဲခူး-မန္တလေး ကားလမ်းမကြီးအတိုင်း မောင်းနှင်သွားလျှင် ရန်ကုန်-ပဲခူးပျဉ်ပုံကြီးကားလမ်း ၇၁မိုင်ဝေးကွာ၍ ရန်ကုန်-မန္တလေး ကားလမ်းမကြီး၏ ညာဘက် ခြောက်ဖာလုံအကွာတွင်တည်ရှိသဖြင့် ကြာမြင့်ချိန် နှစ်နာရီခွဲဖြင့် ရောက်ရှိနိုင်သည်။

ရေပြင်ဖွေးဖွေးအင်းကြီး

မြန်မာ့အလင်း သတင်းအဖွဲ့သည် မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ကွင်းဆင်း လေ့လာရေးသားရန် ရောက်ရှိကြသည့်ကားလမ်းဘေးထိပ်**မိုးယွန်းကြီးအင်းဘေးမဲ့တော** အဝင်မုခ်ဦးမှ အတွင်းသို့ ခြောက်ဖာလုံခန့် ဝင်လိုက်လျှင် ရေပြင်ဖွေးဖွေးအင်းကြီးကို တွေ့နိုင်ပါသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောသည် သစ်တော ဦးစီးဌာန လက်အောက်တွင်ရှိပြီး ရွှေပြည်အေး ခရီးသွားကုမ္ပဏီလီမိတက်နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းကြီးတစ်ခု ဖြစ်သဖြင့် သိလိုသမျှကို သစ်တောဦးစီးဌာန ဦးစီးမှူး ဦးသက်ထွန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဟုတ်ကဲ့ ဦးသက်ထွန်းခင်ဗျား၊ ဒီဘေးမဲ့တောကြီး ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်ကို သိပါရစေခင်ဗျား။

ပဲခူးတိုင်း ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အတွင်း တည်ရှိပြီး အကျယ်အဝန်း စတုရန်းမိုင်၄၀ ရှိပါတယ်။ မိုးယွန်းဒေသ၏ နွေရာသီ အမြင့်ဆုံးအပူချိန်မှာ ၃၉ဒသမ ၅၉ရှိပြီး ပျမ်းမျှမိုးရေချိန် ၁၀၃လက်မ ရှိပါတယ်။

၁၈၇၈ ခုနှစ်က မိုးယွန်းကြီးရေလှောင်တမံအဖြစ်တည်ထောင်ခဲ့ပြီး ၁၉၈၈ခုနှစ်တွင် မိုးယွန်းကြီးအင်းဘေးမဲ့တောအဖြစ်ကြေညာခဲ့ပါတယ်။

ပြည်တွင်းရေပျော်ငှက်များနှင့်ရာသီအလိုက်ပြောင်းရွှေ့လာသော ဆောင်းခိုငှက်များ၏ နေရင်းဒေသ (Habitat) အား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ ရာသီအလိုက် ရွှေ့ပြောင်းငှက်များ၊ ဌာနေရေပျော်ငှက်များနှင့် ပတ်သက်သည့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်၊ ရေဝပ်ဒေသဂေဟစနစ်(Wet Land Ecosystem) နှင့် ယင်း၏ အရေးကြီးပုံများကို ပြည်သူများ သိရှိနားလည်စေရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများတွင်ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပ လေ့လာသူများ အပန်းဖြေစေရန်နှင့် သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းအား အထောက်အကူပြုရန်တို့ ဖြစ်ပါတယ်။

ဟုတ်ကဲ့၊ ဒီမိုးယွန်းကြီးအင်းဘေးမဲ့တောမှာ ဆောင်းခိုငှက်တွေ နှစ်စဉ် လာရောက် နားခိုကျက်စားတယ်လို့ သိရပါတယ်။ ဒီအကြောင်းလေး ရှင်းပြပါဦးခင်ဗျား။

ဆောင်းခိုငှက်တွေဟာ ဒီဇင်ဘာ၊ ဇန်နဝါရီလတွေမှာ ကျရောက်တတ်ပြီးမတ်၊ ဧပြီလရောက်ရင် ဌာနေကိုပြန်သွားလေ့ရှိပါတယ်။ နှစ်စဉ် နိုင်ငံရပ်ခြားမှဆောင်းခိုငှက်ကောင်ရေနှစ်သောင်းကျော် လာရောက်လေ့ရှိပါတယ်။

ငှက်အမျိုးအစားတွေ ပြောပြပါဦး ခင်ဗျား။

ဟုတ်ကဲ့၊ ဆောင်းခိုငှက်တွေကတော့ ခရုတုတ်၊ ခရုစုပ်၊ မြစ်ကွေး၊ စင်ရော်၊ တောဝမ်းဘဲ အပါအဝင် ငှက်မျိုးဖြဲမျိုးနဲ့ ဌာနေရေပျော်ငှက်မျိုးဖြစ်တဲ့ စစ္စလီ၊ မယ်ညို အပါအဝင် ငှက်မျိုးပေါင်း ၂၇မျိုး၊ ကုန်းတွင်းပိုင်း ငှက်မျိုးဖြစ်တဲ့ ချိုးလည်ပြောက်၊ လင်ကောင်ပိုး၊ ဇီးကွက်၊ ပုစဉ်းထိုး၊ စွန်ကောင်ငှက် အပါအဝင် ငှက်မျိုး ၃၂ မျိုး စုစုပေါင်း အားလုံး ၁၂၅ မျိုး လာရောက်ကျက်စားပါတယ်။

ပိုပြီးကြည့်လို့ကောင်း

ရေဝပ်ဒေသ ဂေဟစနစ်နဲ့ သက်ဆိုင်တဲ့ သဘာဝ ရှုခင်းအလှအပများ၊ ဌာနေ ရေပျော်ငှက်များ၊ ကုန်းတွင်းပိုင်းငှက်များနှင့် ဆောင်းခိုငှက်များ အင်းအတွင်းသဘာဝအတိုင်း ကျက်စားနေထိုင်မှုတွေကို ရွှေပြည်အေး ခရီးသွားကုမ္ပဏီက စက်လှေတွေနဲ့ စီစဉ်ပေးပြီး ငှက်ကြည့်စင်လဲ အင်းထဲမှာ ဆောက်ပေးထားပါတယ်။ ငှက်တွေကို ညနေအိပ်တန်းတက်ချိန်နဲ့ နံနက်စောစောအိပ်တန်းမှ အုပ်စုလိုက်ပျံသန်းချိန်မှာ ပိုပြီးကြည့်လို့ကောင်းပါတယ်။ အဲဒီလို ညအိပ်ပြီး ကြည့်နိုင်အောင်လို့ လှေအိမ်အဆောက်အအုံ ကိုးလုံးဆောက်လုပ်ထားပြီး နားနေဆောင်၊ စားသောက်ဆောင်၊ ဧည့်ခန်းဆောင်နဲ့ ဟင်းလင်းပွင့် လေသာဆောင်တို့ ထားရှိပေးထားပါတယ်။

ဘုရားကလေး၊ ဘုရားကြီး၊ ဧကရာဇ်၊ ပေါက်တော၊ ထိန်ပင်၊ ပြွန်ချောင်း၊ အင်းတိုင်စု၊ စိုင်တီစု၊ ကင်းပလောက်၊ တာစုံစသည့် ရွာတွေရှိပြီး ဝေါ၊ သနပ်ပင်၊ ကဝမြို့နယ်တို့မှ ကျေးရွာများ၊ နွေစပါးအတွက် လယ်ဧက ၃၀၀၀၀ ခန့်ကို ဒီအင်းကြီးက ရေပေးဝေနေပါတယ်။

ဒီအင်းကြီးက အမျိုးမျိုးအကျိုးပြုသလို အများပြည်သူတွေလာရောက် အပန်းဖြေနိုင်ပြီး နိုင်ငံခြားသားများပါ လာရောက် လေ့လာကြတဲ့အတွက် နိုင်ငံခြားငွေလည်း ရရှိပါတယ်။

ငှက်တွေလာရောက်တဲ့အတွက် ကြက်ငှက်တုပ်ကွေးဖြစ်တာတို့၊ ငှက်ရောဂါနဲ့ သေတာတို့ကော ရှိပါသလား ခင်ဗျား။

မရှိပါဘူးခင်ဗျာ၊ ကျန်းမာရေးဌာနကလည်း ပညာရှင်တွေနဲ့ ငှက်တွေရဲ့ သွေးဖောက်စစ်တာတို့၊ ပတ်ဝန်းကျင်ကျေးရွာ မွေးမြူရေးခြံကြက်၊ဘဲချေးတို့ကို မကြာခဏ စစ်ဆေးမှုတွေ ပြုလုပ်ပါတယ်။

ဟုတ်ကဲ့၊ အတော်လေး စုံလင်အောင်ရှင်းပြလို့ကျေးဇူးတင်ပါတယ်။

ဒီမိုးယွန်းကြီးအင်း ဘေးမဲ့တောဟာ သဘာဝကို အခြေခံတဲ့ ခရီးသွားလုပ်ငန်း (Ecotourism) ဖြစ်သလို နိုင်ငံခြားဝင်ငွေ တစ်စိတ်တစ်ဒေသ ရှာဖွေပေးတဲ့အပြင် ဒေသခံ ပြည်သူတွေ စားဝတ်နေရေး ဖြည့်တင်းခြင်း၊ ရေတိမ်ဒေသ ဂေဟစနစ်များ သုတေသနပြု ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ဆက်စပ်မှု ရှိနေသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တိမ္မေးကုဌာနများကလည်း **"မိုးယွန်းကြီးအင်း ဘေးမဲ့တော"** ဖွံ့ဖြိုးတိုးတက်စေဖို့ တက်အားသရွေ့ ကူညီပံ့ပိုးလျှင် ပိုမိုဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါကြောင်း ယုံကြည်မိပါတယ်။

ငှက်တို့၏ သဘာဝ၊ ပတ်ဝန်းကျင် ရေမြေအနေထား ရှုခင်းပသာဒကို ခံစားရင်း အပန်းဖြေဖို့ မိုးယွန်းကြီးအင်း ဘေးမဲ့တောကို လာရောက်လည်ပတ်ကြဖို့ သတင်းစကားဖြန့်ဝေလိုက်ရပါတယ်။ ။ **(မြန်မာ့အလင်း)**

ငှက်များအိပ်တန်းတက်ရန် ကုန်းစိုက်ခင်းများကို ဤသို့ ဖန်တီးပေးထားသည်။

မိုးယွန်းကြီးအင်း အဝင်မုခ်ဦးကို ဤသို့တွေ့ရသည်။

မိုးယွန်းကြီးအင်းအတွင်း ကျက်စားနေကြသော ဆောင်းခိုငှက်များကို ဤသို့ သဘာဝအတိုင်းတွေ့နိုင်သည်။

1-5 (15).pmd 1 5/1/2008, 1:34 AM

ကျောက်မဲ တိလင်ဆရာတော်(၇၅)နှစ်မြည့်မွေးနေ့ပူဇော်

ကျောက်မဲ ဧပြီ ၁၀

ကျောက်မဲမြို့ အမှတ် (၉)ရပ်ကွက် တိလင်ပရိယတ္တိစာသင်တိုက် သဃ္မသူဆရာတော်ဦးဇဋိလ ဓမ္မဝံကျောက်ပြားအလှူ၊ စေတီမှခဲဦးအလှူနှင့် ပဓာနနာယက ဂန္ဓဝါစကပဏ္ဍိတ သဃ္မသူစေတိယ သမုဒ္ဒာပက၊ အစိုးရမွေးစရိယ၊ စေတိယဂိဏ ဓမ္မာစရိယ၊ ပဥသတ္တတိအာယုက ဘဒ္ဒန္တလင်္ကာစာရာဘိဝံသဆရာတော်ကြီး၏ သက်တော် (၇၅)နှစ်မြည့် မွေးနေ့အလှူရေစက်ချခဲ့ပွဲကို မတ်၁၉ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။(၀၆)

လှူဒါန်း

ဆရာတော်ကြီး၏ မွေးနေ့မင်္ဂလာ အလှူရေစက်ချပွဲတွင် မန္တလေးမြို့ တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂါဘိဓေ ဗြဟ္မောင်တိုက် ရွှေဝဲင်းဆရာတော်ကြီး အမျးပြသော ကျေးဇူးရှင် ဆရာတော်ကြီး ကိုးပါးနှင့် ပဝိသံဃာတော် (၁၀၈) ပါးတို့အား ကုသိုလ်ရှင် စေတနာရှင် များက ဆွေမျိုး သိမ်းလေးရာကျော် လှူဒါန်း၍ နေပြည်တော်တပ်ကုန်း ဆရာတော် မဟာသီဟနာဒ နှယ်လှည့်ဓမ္မကထိက ဗဟုနေဟိတရေ ဖြူးဆရာတော်က တရားဟော ကြားပြီး ဓမ္မရိပ်ဓဂုဇင်းနာယက ပညာမဋ္ဌကျောင်း ဆရာတော် ဦးဓမ္မိတ စာရေးဆရာ (ငါ-မန္တလေး)က စာပေရေးရာများ ဟောပြောကြောင်း သိရသည်။

(ကြို့ခိုင်ဖွဲ့ဖြိုးရေး)

တာမွေဖြိုနယ် တာမွေကြီး က/၈ ရပ်ကွက် မင်္ဂလာဓေယျ ပရိယတ္တိစာသင်တိုက်တွင် ဆောက်လုပ်ဆဲဖြစ်သော သုံးထပ်ကျောင်းတိုက်ကြီးအတွက် နှစ်ဖက်မိဘများအား အမှုထား၍ ဦးထွန်းမြင့်ဦး-ဒေါ်ဘောဘီဆေး၊ သား မောင်ရဲခေါင်၊ သမီး မအေးမြင့်မြတ်သူ အစုံတ ၁၉ ပတ္တမြားလမ်း ကျိုက္ခာဆံရုပ်ကွက် ဗဟန်းမြို့နယ်က ဆရာတော် ဘဒ္ဒန္တသြဘာသ အဂ္ဂမဟာသဒ္ဓမ္မဓောဓိကဓဇထံ အလှူငွေ ကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြေးပိုင်္ဂကတ်တော်ပြုလုပ်ရန် ကြေးပြားများလျှုဒါန်း

ရန်ကုန် ဧပြီ ၃၀

ကြေးပိုင်္ဂကတ်တော် အာဘိမွာပိုင်္ဂက ဝင် ပဥ္စပါဠိတော်ကျမ်း ပ-တွဲ အတွက် ကြေးပိုင်္ဂကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဥာဏ(အစိုးရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ အမှတ်(၂၆) ကျောင်းကုန်းလမ်း စမ်းချောင်းနေ ဖခင်ကြီး ဦးလှမောင် (ပြည်မြို့)အား ရည်စူး၍ မိခင်ကြီး ဒေါ်လှရွှေနှင့်သားသမီးမြေးမြစ်တစ်စုက ကြေးပြား ငါးချပ်၊ အမှတ်(၂၀) ဓမ္မိုးရိပ်ကျောင်းလမ်း ကိုမိုင် ဓရမ်းကုန်းနေ ဒေါ်ဇိုဇိုမိန့်နှင့် သား သမီးများက ကြေးပြားနှစ်ချပ်၊ အမှတ် (၁၀) ရေတွင်းကုန်းလမ်း ကြည့်မြင်တိုင်နေ မေမေ ဦးရန်ဇိုဝိုန်-မေမေ ဒေါ်ချိုမာလွင်၊ သမီး မမိုးပြည့်စုံရွှင်(ခ) ချိုစင်(လေးနှစ် ပြည့်)မွေးနေ့ အလှူက ကြေးပြား နှစ်ချပ်၊ ဒေါက်တာမြင့်ထွန်း-ဒေါက်တာ ခင်လေးဇွဲ၊ (သိရိပုံဇီဦးချိုထွန်း)-ဒေါ်ခင်ခင်ချို၊ သား သမီးမြေးတစ်စု၊ အမှတ် (၁၃၉) မြန်မာ့ဂုဏ်ရည်လမ်း ကန်တော်ကလေးနေ ဖခင် ဦးတင်မောင်အားရည်စူး၍ ဒေါ်ဘုတ်ဆုံနှင့် သားသမီးများ၊ ခြံအမှတ်(၉၄) တိုက် ၆ အခန်း ၆ ပဒုမ္မာလမ်း ၁၇ရပ်ကွက် ဦးထွန်းခိုင်-ဒေါ်လီလီသာ၊ ဦးမျိုးတင်ဝင်း-ဒေါ်မန်းစန္ဒာထွန်း၊ သား မောင်ပြည့်ဖြိုးဝင်း၊ ဦးလှမုန်း-ဒေါ်အိန္ဒြာထွန်း၊ သား သီရင်ထွန်း၊ လိုင်ငထွန်း၊ အမှတ်(၁) ပြည်ထောင်စုလမ်း ဆရာစံမြောက်အနောက်ရပ် ဗဟန်းနေ ဦးတင်မောင်ထွန်း-ဒေါ်သီတာမြင့်၊ အမှတ် (၃၇) ၂၈ ပထမထပ် သတိပဋ္ဌာန်လမ်း ကျောက်မြောင်းနေ နှစ်ဖက်သော ဘိုးဘွား၊ မိဘများနှင့် ဖခင်ကြီး ဦးကျင်စိန်ကို ရည်စူး၍ မိခင်ကြီး ဒေါ်အေးကြင်၊ ညီမ ဒေါ်နှင်းမြိုင်၊ သားကြီး ဦးမျိုးဦးနှင့် သား သမီး၊ မြေးမြစ်များ၊ ဖခင်ကြီး ဦးကျင်စိန်အားရည်စူး၍ မိခင်ကြီး ဒေါ်အေးကြင်နှင့် သားငယ် ဒေါက်တာ မျိုးသိုက်၊ အမှတ် (၈၉/၁) ယင်းမာမြိုင်လမ်း စုပေါင်းဆိပ်ရာသုဇဏ္ဍနေ ဦးဌေးဆော-ဒေါ်သန်းသန်းဆွေ မိသားစု၊ မိဘနှစ်ပါးအား အမှူးထား၍ ဒေါ်သီတာအောင်၊ ဒေါ်စင်ဆွေဆော-ဒေါ်စုထွေးဆော၊ ဓသိမ်ဓုဏ်မန္ဒသိန်း၊ အမှတ် (၈၃၄) သဓိနဒရမ်းလမ်း ၃၇ ရပ်ကွက် ၁၇ပုံမြို့သစ် (မြောက်ပိုင်း)နေ ဦးနွယ်တင်-ဒေါ်ငင်းဝင်းတင်၊ သားမောင်ပြည့်ဖြိုးဇော်၊ အမှတ်(၈၉/၂) ယင်းမာမြိုင်လမ်း စုပေါင်း အိမ်ရာ သုဝဏ္ဏနေ မိဘအနစ်ကို အစိမနှင့် ခင်ပွန်း ဦးထွန်းမြင့်(တက္ကသိုလ်မင်းမော်) တို့အားရည်စူး၍ ဒေါ်တင်တင်ဌေး၊ အမှတ် (၁၁၂) ၄၂လမ်း ဇိုလ်တဆောင်နေ ဦးလှဝိန်နှင့် သမီး ဒေါ်ကိတာညွှန့်ညွှန့်သန်းတို့အား ရည်စူး၍ ဒေါ်မြစိန်နှင့်သားသမီး၊ မြေးမြစ် တစ်စု၊ ဖခင် ဦးလှဝိန်အား ရည်စူး၍ မိခင်ဒေါ်မြစိန်နှင့် သား ဦးဇော်သန်း၊ အဘွား ဒေါ်မြစိန်နှင့် မိဘနှစ်ပါးအား အမှူးထား၍ သား မောင်ရည်သူ၊ အမှတ် (၃၂၀/၃၂၂) ရွှေတိုသာလမ်း ပန်းဘဲတန်း နေ မိခင်ဒေါ်ကြည့်ကြည်လှအား ရည်စူး၍ ဖခင် ဦးသိန်းလွင်ကို အမှူးထားလျက် သမီး ဒေါ်ချိုချိုလွင် (ကထိက-စာတုဗေဒဌာန၊ တပ်မော်ဆေးတက္ကသိုလ်)တို့ကကြေးပြားတစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

(က-ပ)

တောင်ကြီးမြို့ မေတ္တာရှင် အခမဲ့ဆေးခန်းအတွက် လိုအပ်သော ဆေး၊ ဆေးပစ္စည်းနှင့် ငွေပဒေသာပင်စိုက်ထူ

တောင်ကြီး ဧပြီ ၂၅

တောင်ကြီးမြို့ ချမ်းမြေသာစည်ရပ် နဂါးပွတ် ကျောင်းတို့ ကိုဝင်းအတွင်း၌ ဖွင့်လှစ်ထားသော မေတ္တာရှင်(အခမဲ့) ဆေးခန်းအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်း ငွေပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက် ညနေ ၆ နာရီက အဆိုပါဆေးခန်း၌ ကျင်းပသည်။

လက်ခံ

အခမ်းအနားတွင်ဆေးခန်းဦးစီးနာယက ဆရာတော် ဘဒ္ဒန္တဝေဇယ္တက အနုမောဒနာတရား ဆို့ဖြင့်ပြီး အလှူရှင် ဦးဝင်းနိုင်-ဒေါ်ခင်အေးနိုင် (နာရဏ်ဆေးလိပ်)၊သမီး ဆုမြတ်ပိုင်၊ သား ကောင်းမြတ်သွင်၊အောင်ခန့်ဦးမိုး၊ မိသားစုက ငွေပဒေသာပင် အလှူငွေကျပ် ခုနစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးခန်းတာဝန်ခံ ဒေါက်တာဦးဇလ (ဒေါက်တာ ဒေါ်နု)နှင့် ဆေးခန်းကော်မတီ တို့က လက်ခံယူကြသည်။(အပေါ်ပုံ)

ဆေးဝါးကုသ

အဆိုပါ မေတ္တာရှင်(အခမဲ့)ဆေးခန်း တွင် ၂၀၀၈ခုနှစ်အတွင်း ဇန်နဝါရီလမှ ဧပြီလအထိ လူနာပေါင်း၆၂၀၀ကို လက်ခံ၍ အခမဲ့ ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

(က-ပ)

ရပ်စောက်မြို့မြို့ရွေး မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မီးသုံးစွဲမှုကို မတ်၂၉ရက် ကရင်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသစ်ထူးမြင့်နှင့် မြို့နယ်မီးသတ် ဦးစီးမှူး ဦးကဲဝင်းတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးစီးကျင်းဝသော မြန်မာရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ယိမ်းအကပြိုင်ပွဲ ဆုဝေးပွဲကို ဧပြီ ၁၆ရက်က မဟာသင်္ကြန်မဏ္ဍပ်၌ကျင်းပရာ ပထမနေ့ အမှတ်(၄)ရပ်ကွက် အသင်းအား တာဝန်ရှိသူများက ဆုချီးမြှင့်စဉ်။ (၀၅၂)

မိုးကောင်းမြို့ လှုပရော ဓုပေါင်းဆောင်ရွက်

မိုးကောင်း ဧပြီ ၂၀

ကချင်ပြည်နယ်မိုးကောင်းမြို့သာယာလှပရေးနှင့် သန့်ရှင်းသပ်ရပ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ မတ်၃၀ရက်က အရှေ့ရပ်ကွက် ကမ်းနားလမ်းဘေး ဝဲယာ တစ်လျှောက်၌ သန့်ရှင်းရေးနှင့် ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်မှုကို အမှဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။ (၀၀၁)

မော်လမြိုင်ကျွန်း၌ ဓုပေါင်းသန့်ရှင်း

မော်လမြိုင်ကျွန်း ဧပြီ ၂၂

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စျေးများဖြစ်သော မြို့မစျေး၊ အောင်သာယာစျေးနှင့် ဆိပ်ကမ်းသာစျေးများအတွင်း အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းဖော်ဆောင်ခြင်း၊ သားငါးစျေးတန်း ဆေးကြောခြင်းနှင့် ခြင်၊ ယင်များ ပေါက်ပွားမှုမရှိစေရေး ခြင်ဆေးဖျန်းဆောင်ရွက်ခြင်းတို့ကို မတ် ၂၂ရက်က ဒုတိယဦးစီးမှူး(စျေး) ဦးညွန့်ဝင်းကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ၊ စျေးသူစျေးသားများနှင့် ဈေးဖများ ပူးပေါင်းဆောင်ရွက်ကြရာ အမှဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မော်သန်းကျင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်စေရန်နှင့် ချိုင့်များမရှိစေရန်အတွက် ဆောင်ရွက်မှုကို ဧပြီ ၂၆ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်ထွေးနှင့် အဖွဲ့ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးမျိုးဝင်း ရှင်းလင်းတင်ပြစဉ်။

(၀၁၄)

စုပေါင်းဒုလ္လဘရဟန်းခံပွဲ စဉ်ကူးမြို့၌ကျင်းပ

စဉ်ကူး ဧပြီ ၁၂

စဉ်ကူးမြို့ဓေယျသိဒ္ဓိ အောင်တော်မှ ဓေတီတော်ကြီး မိန်းဖူးတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲ အောင်ပွဲအထိမ်းအမှတ် အဖြစ် ရပ်နီးဒါယကာ ဦးဗိုလ်ချုပ်-ရဟန်း ဒါယိကာမ ဒေါ်ချောစုလှိုင် မိသားစုတို့က ပစ္စယာနုဂ္ဂဟအဖြစ်ဒံယပြီး ဒုလ္လဘရဟန်း ၁၀၄ပါး၊ သီလရှင် ၁၇ပါးနှင့် သာမဏေ တစ်ပါး စုပေါင်းဒုလ္လဘရဟန်းခံ ရှင်ပြုပွဲ နှင့် သီလရှင်ဝတ်ပွဲတို့ ဧပြီ ၃ရက် နံနက် ၁၀နာရီက ဓေယျသိဒ္ဓိအောင်တော်မှမြတ်စွာဘုရား ကေရီရွှေစင်ကျောင်း၌ကျင်းပသည်။

အခမ်းအနားသို့ပဓာနနာယက တောင်လေးလုံးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသီရိညဏမှ၊ သစ္စာဆောင်မြေခံ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဓိန္ဒ၊ ရွှေလှေဓောတိကာရုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသြဘာသနှင့် ဥပစ္ဈာယ်အနုသာသန နှင့် ကမ္မဝါဒာရာတော် ၄၅ပါး ကြွရောက် တော်မူကြပြီး ဒုလ္လဘရဟန်းများနှင့် သီလရှင်များအား သြဝါဒကထာ ချီးမြှင့် တော်မူကြသည်။

ထို့နောက် ရပ်နီးဒါယကာ ဦးဗိုလ်ချုပ်-ရဟန်း ဒါယိကာမ ဒေါ်ချောစုလှိုင် မိသားစုနှင့်စေတနာရှင်၊ ကုသိုလ်ရှင်များက ဒုလ္လဘရဟန်း ၁၀၄ပါးတို့အား လှူဖွယ် ဝတ္ထုပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆားတောင်စံပြရွာ မြောက်ကားဆိပ်နေ ဦးငွေးဆောင်-ဒေါ်တင်လှ၊ သမီးမခင်မြင့် မိသားစုက စစ်ကိုင်းမြို့နယ် ဆားတောင်စံပြရွာ ကိုယ့်အားကိုယ်ကိုး ခုတင်(၄၀)ဆံ့ သီတဂူ ဖြဟ္မာယု ဆေးရုံတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းငါးသောင်းကို အကျိုးတော်ဆောင်ချုပ် ဂန္ဓာမြိုင်ဆရာတော် ဘဒ္ဒန္တနန္ဒာသဘထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း တာမွေမြို့နယ် ဗိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် သမစာရီမွေ့ာရုံက ကြီးမှူး၍ (၅၇)ကြိမ်မြောက် ဇီဝိတဒါနငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်း တစ်ရက်နေ့က ရေရှိုငါးဥယျာဉ်အနီး ကန်တော်ကြီးရေပြင်တွင် ရပ်ကွက်နေ ပြည်သူများ စုပေါင်းပါဝင်ဆင်နွှဲကြစဉ်။ (က-ပ)

ဘိုးဘွားရိပ်သာ ငွေလှူဒါန်း

နှစ်ဖက်သော မိဘဘိုးဘွားများအားရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ခရေပင်လမ်း အမှတ် ၆စနေ ဦးစိုင်းမုန့်၊ ဇနီးဒေါ်လီလီမြင့်တို့က အလှူငွေကျပ် တစ်သိန်းကို ကျိုင်းတုံမြို့ဘိုးဘွားရိပ်သာအတွက် လှူဒါန်းရာ ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဝင် ဦးသိန်းထိုက်က လက်ခံယူစဉ်။ (က-ပ)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

သရက်ခရိုင်တရားရုံး

၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၃၁

မန်နေဂျာ နှင့် ဦးအောင်ထွေး
မြန်မာ့စီးပွားရေးဘဏ်
အောင်လံမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၁တွင်ရရှိခဲ့သည့် ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် မေ ၂၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချရမည့် ပစ္စည်းစာရင်း

အောင်လံမြို့ ရွာထောင်ရပ် လှည်းတန်းလမ်း ကွင်းအမှတ်(၇) ဦးပိုင်အမှတ်(၄၄/၂၂)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၇၂ ဧကရှိ မြေနှင့်ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော ၂၇ဒသမ၆×၃၃ပေ နှစ်ထပ်တိုက် အဆောက်အအုံတစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဧပြီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သဇင်ရွှေ
ဒုတိယခရိုင်တရားသူကြီး
သရက်မြို့၊ မကွေးတိုင်း။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

သရက်ခရိုင်တရားရုံး

၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၃၂

မန်နေဂျာ နှင့် ဒေါ်လှမြင့်
မြန်မာ့စီးပွားရေးဘဏ်
အောင်လံမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၃တွင်ရရှိခဲ့သည့် ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် မေ ၂၀ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချရမည့် ပစ္စည်းစာရင်း

အောင်လံမြို့ ရွာထောင်ရပ်ကွက် လမ္မတော်လမ်းတွင် ကွင်းအကွက်အမှတ် (၆ဘီ/ဆာပါ) ဦးပိုင်အမှတ်၂၃၊ မြေချိန်ဧရိယာ၀ဒသမ၅၉၇ဧကရှိမြေနှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော အကျယ်(၂၉×၃၃)ပေရှိ နှစ်ထပ်ပတ်ကားတိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်ပါသည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဧပြီ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သဇင်ရွှေ
ဒုတိယခရိုင်တရားသူကြီး
သရက်မြို့၊မကွေးတိုင်း။

သမဝါယမဦးစီးဌာန
သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများ သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များရှိ သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများတွင် ၂၀၀၈ခုနှစ် ဧပြီလအတွင်း ဖွင့်လှစ်မည့် သင်တန်းများ၌ တက်ရောက်လိုသူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်ထားသူများသည် အောက်ပါအရည်အချင်းနှင့်ပြည့်စုံရမည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) အနိမ့်ဆုံး အခြေခံပညာအထက်တန်းသင်ယူမှုအဆင့် ရှိရမည်၊
(ဂ) သင်တန်းချိန်အတွင်း အခြားမည်သည့် ကျောင်း၊ သင်တန်း၊ တက္ကသိုလ်၊ ကောလိပ်တစ်ခုခု၌ တက်ရောက်နေသူ မဖြစ်စေရပါ။

၃။ အောက်ပါသင်တန်းများအနက် တစ်ခုခုကို လျှောက်ထားနိုင်သည်-
(က) လက်မှတ်ရအတွင်းရေးမှူးသင်တန်း၊
(ခ) စာရင်းကိုင်သင်တန်း၊
(ဂ) ကွန်ပျူတာသင်တန်း၊
(ဃ) ရုံးလုပ်ငန်းသင်တန်း။

၄။ အမှတ်စဉ်(က)မှာ သင်တန်းကာလ ၄လနှင့်၁၅ရက်ဖြစ်ပြီး ကျန်သင်တန်းများမှာ ၃လနှင့် ၁၅ရက်စီဖြစ်သည်။ လျှောက်ထားစာရင်းပေးသွင်းမှု အစီအစဉ်အရ သင်တန်းအလိုက် သတ်မှတ်ဦးရေအထိသာ လက်ခံမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာပုံစံများကို သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းများ(ရန်ကုန်မြို့အတွက် အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၅၅၄၉၅ တွင်လည်းကောင်း၊ မန္တလေးမြို့အတွက် အမှတ် ၁၆၉၊ ၂၅x၂၆လမ်းကြား၊ ၈၃လမ်း၊ ဖုန်း-၀၂-၃၉၁၄၈ တွင်လည်းကောင်း၊ မော်လမြိုင်မြို့အတွက် ရွှေတောင်ရပ်၊ အထက်လမ်းမကြီး ဖုန်း-၀၅၇-၂၇၁၅၈ တွင်လည်းကောင်း) ဝယ်ယူပြီး ၂၀၀၈ ခုနှစ် ဧပြီ ၃၀ရက် မွန်းလွဲ ၂း၀၀နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။
(အချိန်ပိုင်းသင်တန်းများလည်း ဖွင့်လှစ်မည်ဖြစ်ရာ သက်ဆိုင်ရာ ကျောင်းများ၌ စုံစမ်းနိုင်ပါသည်။)

အများသိစေရန်

လားရှိုးမြို့ ရပ်ကွက်(၃)ရှိ ဦးနေလင်းအောင် ၁၃/လရန(နိုင်) ၀၈၂၁၆၈ ပိုင်ဆိုင်သည့် အဲရိုးကွန်ပျူတာလုပ်ငန်းနှင့် ရပ်ကွက်(၁)ရှိ အဲရိုးအင်တာနက်ကဖေး၊ ရပ်ကွက်(၁)မြင့်မိုရ်လမ်းရှိ ဒေါ်အုန်းစိန် အမည်ပေါက် နေအိမ်နှင့်ခြံတို့သည် ဒေါ်ကေသွယ်ခိုင် ၁၃/လရန(နိုင်) ၀၈၂၁၀၉နှင့် ဦးမျိုးဆွေတို့မှ ပြုလုပ်ထားသည့် လုပ်ငန်းကိစ္စရပ်များ၊ ငွေကြေးကိစ္စ အရှုပ်အရှင်းများဖြင့် လုံးဝပတ်သက်မှုမရှိပါကြောင်းနှင့် မိသားစုဝင်များအနေဖြင့် ၎င်းတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ မသိရှိကြောင်းနှင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အေးအေးခိုင်(အဒေါ်)**

ဦးသော်တာထိုက်-ဒေါ်စောယုမွန်ညွန့်(အစ်ကို)
ဦးနေလင်းအောင်-ဒေါ်ကျော်စုလှိုင်(မောင်)။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေ အမိန့် ၅၊ နည်းဥပဒေ-၂၀)

ပေါက်မြို့နယ်တရားမရုံး၌

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ် -၁၀

မငြိမ်းငွေး နှင့် ၁။ ဦးမောင်ငွေး
၂။ ဦးဝင်းရွှေ
၃။ ဒေါ်သိန်းဆင့်
တရားလို **တရားပြိုင်**

ပေါက်မြို့နယ် အိုင်ကိုင်းကျေးရွာနေ တရားပြိုင်ဦးမောင်ငွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မငြိမ်းငွေးကထိမ်းမြားလက်ထပ်ယူရန်ပျက်ကွက်သဖြင့် လျော်ကြေးငွေကျပ် ၂၀၀၀၀၀၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၀၈ခုနှစ် မေ၉ရက် (၁၃၇၀ပြည့်နှစ် ကဆုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၀၈ ခုနှစ် ဧပြီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးနိုင်
မြို့နယ်တရားသူကြီး၊ ပေါက်မြို့။

အမည်ပြောင်း

အဖဦးသိန်းဝင်း-အမိဒေါ်စိုးစိုးရီတို့၏ သမီးများဖြစ်သော ပြည်မြို့ အောင်ဆန်း အ.လ.က(ခွဲ) သတ္တမတန်း(C)မှ မအေးပြည့်စုံဝင်းအား မအိမာန်ဖြိုး၊ တတိယတန်း(B) မှ မရွှေဦးလှိုင်အား မနွေးနွေးလှိုင်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မအိမာန်ဖြိုး၊ မနွေးနွေးလှိုင်။**

သွားချင်တဲ့ခရီးကိုသွား
ငှားချင်တဲ့ကားကိုငှား

TOP ဖုန်း-243363 705877

ကို ၂၄ နာရီ ဖုန်းဆက်လိုက်ပါလား၊
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
Van၊ Saloon ကားများငှားရန်ရှိသည်၊



တိုက်ခန်းကျယ်(အမြန်)ရောင်းမည်

တက္ကသိုလ်ရိပ်သာလမ်းသစ်
၂၅ပေX ပေ ၅၀၊ 1 MBR+2 BR၊ 3/AC ဖုန်းပါ၊
ပြင်ဆင်ပြီး ထောင့်ခန်း။
ဖုန်း-၀၉-၅၁-၆၃၂၅၈၊ ၃၈၂၀၂၅။





အိမ်ခန်းအမည်ပြောင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ကြော်ငြာ

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း အမှတ် ၁၅၈-၁၆၈ အခန်းအမှတ် ၁၇အား ဦးညီညီသန်း ၁၂/ပဘတ(နိုင်)၀၁၂၀၁၀က ဦးဇော်ဇော်ဟန် ၁၂/ကတတ(နိုင်)၀၀၈၈၃၀ ထံမှဝယ်ယူခဲ့ပြီးဖြစ်ပါ၍ ၎င်းအမည်သို့ပြောင်းလဲပေးပါရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ လျှောက်ထားလာပါသည်။ အထက်ဖော်ပြပါ အခန်းအမည်ပြောင်းခြင်းကို ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။**

ကိုကျော်ကျော်လင်း (၁၄/မမန(နိုင်)၁၄၂၃၂၈)နှင့် အများသိစေရန်ကြေညာချက်

မြောင်းမြမြို့ ၂ရပ်ကွက် ၄လမ်း အမှတ် (၁၈)နေ အဖဦးစိန်မြင့်၏ သား ကိုကျော်ကျော်လင်း၁၄/မမန(နိုင်)၁၄၂၃၂၈သည်OPPLE Lighting (Silver Tiger Co.,Ltd.)၏ Sale & Marketing Supervisor ဖြစ်ပါသည်။ ကိုကျော်ကျော်လင်းသည် ကုမ္ပဏီ၏ လျှပ်စစ်ပစ္စည်းများကို အရောင်းဆိုင်၊ Super Marketနှင့် Hotel များသို့ သွားရောက်၍ ပေးပို့ပြီး အဆိုပါပစ္စည်းများ၏ ကျသင့်ငွေများကို ကောက်ခံ၍ ကောက်ခံရရှိသော ငွေ၂၆သိန်းကျော်ခန့်ကို ကုမ္ပဏီသို့ ပြန်လည်ပေးသွင်းခြင်းမရှိဘဲ တိမ်းရှောင်နေပါသည်။

သို့ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ကောက်ခံရရှိပြီးဖြစ်သော ငွေပေါင်း ၂၆သိန်းကျော်ခန့်ကို ကုမ္ပဏီသို့ အမြန်လာရောက် ရှင်းလင်းပေးအပ်ပါရန် အသိပေးအပ်ပါသည်။ ကုမ္ပဏီသို့ လာရောက်ရှင်းလင်းပေးအပ်ခြင်း မပြုပါက ကိုကျော်ကျော်လင်းအပေါ် တရားဥပဒေအရ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်းနှင့် ကိုကျော်ကျော်လင်းအား ကုမ္ပဏီမှ ထုတ်ပယ်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

Silver Tiger Co.,Ltd. ၏ ညွှန်ကြားချက်အရ-
(ဓေယျာ)ဦးစိန်လှိုင်၊ ဦးတင်မောင်အေး(ဗန်းမော်)
B.A(Law),LL.B ၊ B.A(Law),LL.B
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၄၆၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၅၆၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်း ၉/ခသန(နိုင်)၁၁၉၁၃၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းခြင်း

ကျွန်တော် ဦးလှရွှေ မှတ်ပုံတင်အမှတ် ၃/မဝတ(နိုင်)၀၀၃၆၇၇ အမှတ်(၅)ရပ်ကွက် မြဝတီမြို့မှ စာချုပ်အမှတ် ၄၅/၂၀၀၇ အရ ဒေါ်သန်းနွယ်ထွန်း မှတ်ပုံတင်အမှတ် ၃/မဝတ(နိုင်)၀၀၀၀၃၉ အား လွှဲအပ်ခဲ့သော ကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည် ရုပ်သိမ်းလိုက်သည်။

ဦးလှရွှေ
မှတ်ပုံတင်အမှတ်
၃/မဝတ(နိုင်)၀၀၃၆၇၇
အမှတ် (၅)ရပ်ကွက်၊ မြဝတီမြို့။

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း၊၊
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊၊
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း၊၊
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း၊၊

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

အောင်ပွဲလက်ကမ်း

ဒို့ယုံကြည်ဟော့ ဒို့ယုံကြည်
အခြေခံဥပဒေ အတည်ပြုရေး
မနေးအောင်ရမည်။
မောင်တို့လည်း ပြုံးရွှင်ကြည်
မယ်တို့လည်း ပြုံးရွှင်ကြည်
မဲရုံဆီ အရောက်လှမ်း။
ပြည်လုံးကျွတ် ထောက်ခံမဲနဲ့
အောင်ပွဲလက်ကမ်း။ ။

ဇော်မင်းမင်းဦး

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

- ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပပြီး မွန်းတည့် ၁၂ နာရီတွင် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

စာမျက်နှာ ၉ ကော်လံ ၁

ကျော်ခိန်၏သတင်းဆောင်းပါး ၈၁–၇
ဓာတ်ပုံမှတ်တမ်း – အောင်သန်း(မင်္ဂလာတောင်ညွှန့်)

နေပြည်တော်မှ ခုနစ်မိုင်အကွာ ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံ၏ ရေစပ်ကမ်းခြေတစ်လျှောက်၌ တည်ဆောက်ထားသည့် တသွင်သွင်စီးဆင်းနေသော ရေအလျဉ်ဖြင့် ငလိုက်ကန်သာအပန်းဖြေဥယျာဉ်စခန်း၏ ကြည်နူးဖွယ် ရေချိုးဆိပ်ကို ဤသို့တွေ့ရသည်။